# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**အကြောင်းသုံးပါးဖြင့် နတ်ပြည်ရောက်**

မှန်သောစကားကို ပြောဆိုရာ၏။ အမျက်မထွက်ရာ။ တောင်းလာသည်ရှိသော် အနည်းငယ်မျှကိုသော်လည်း ပေးလှူရာ၏။ ဤအကြောင်းသုံးပါးတို့ဖြင့် နတ်ပြည်သို့ ရောက်ရ၏။ ကောဓဝဂ်(ဓမ္မပဒ-၂၂၄)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်၊ သောကြာနေ့ အတွဲ (၆၄)၊ အမှတ် (၁၁၈)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) ညပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ညဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

# သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီများ၌ ကောင်းမှုကုသိုလ်ပြုလုပ်သူများဖြင့်စည်ကား

နေပြည်တော် အောက်တိုဘာ ၁၇

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) ဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ အလှူဒါနပြုခြင်း၊ သီလဆောက်တည်ခြင်းနှင့် တရားဘာဝနာပွားများခြင်းစသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ တန်ခိုးကြီးဘုရားစေတီပုထိုးများ၌လည်း ဗုဒ္ဓဘာသာထုံးတမ်းအစဉ်အလာနှင့်အညီ ကုသိုလ်ကောင်းမှုပြုလုပ်၍ သီတင်းသီလဆောက်တည်ကြသူ ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားခဲ့သည်။ *စာမျက်နှာ ၃ ကော်လံ ၁*

**ယနေ့** *ဖတ်စရာ*

**ကိုယ်ပိုင်မူဟန် စိုက်ထူပြန်သည့် ယဉ်ကျေးမှုအသိနှင့် အနုပညာအနှစ်** ဆောင်းပါး စာ ၆

**ပြောင်းလိုက်စမ်း မင်းဦးနှောက် ဘယ် ညာ ဘယ်** ဆောင်းပါး စာ ၁၀

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

○ *ရွှေဖုံးမှ*

နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ လက်လုပ်တောင်ရွှေနန်းသွင်းစေတီတော်၊ ရွှေလွမ်းတောင်စေတီတော်၊ နေရောင်ပြအင်းစေတီတော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်စေတီတော်၊ လယ်ဝေးမြို့ ဖောင်တော်ချက်မစေတီတော်၊ ပျဉ်းမနားဘုရားကိုးဆူစေတီတော်၊ စူဠာမုနိစေတီတော်၊ ဆုတောင်းရဆုတောင်းပြည့်စေတီတော်၊ ဥတ္တရသီရိမြို့နယ်ရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ကြီးနှင့် "ဖွား၊ ပွင့်၊ ဟော၊ စံ" သံဝေဇနိယ (၄)ဌာန အပါအဝင် ဘုရား၊ စေတီ၊ ပုထိုးများတွင် ဘုရားဖူးများဖြင့် စည်ကားခဲ့ပြီး ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်းတို့ဖြင့် ပြည်သူများကုသိုလ်ကောင်းမှုပြုလုပ်လျက်ရှိသည်ကို တွေ့မြင်ရသည်။

**အထူးစည်ကား**

ညပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ နေပြည်တော်ကောင်စီက ကြီးမှူးကျင်းပသည့် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်းနှင့် မီးပုံးပျံလွှတ်တင်ခြင်းတို့ကို ဆောင်ရွက်ပူဇော်ကြရာ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

ထို့အတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌လည်း နံနက်ပိုင်းမှစတင်၍ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အခမ်းအနားများကို ကျင်းပခဲ့ရာ စိတ်အေးချမ်းသာစွာဖြင့် ပါဝင်ကုသိုလ်ယူပြီး သီတင်းသီလဆောက်တည်ကြသည့် နေပြည်တော်နှင့် ပတ်ဝန်းကျင်မြို့နယ်၊ ကျေးရွာများမှ ဘုရားဖူးလာပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားခဲ့ပြီး ညပိုင်းတွင် စေတီတော်မြတ်ကြီး၌ ဆီမီးများ ထွန်းညှိပူဇော်ပွဲကိုလည်း ကျင်းပခဲ့ကြသည်။

အလားတူ နေပြည်တော်ရှိ Ocean Super Center၊ Juction Center၊ Naypyitaw Wholesale တို့တွင် ဈေးဝယ်ကြသူများနှင့် မင်္ဂလာကန်တော်၊ နေပြည်တော်ရေပန်းဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်နှင့် နေပြည်တော်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တို့တွင် အပန်းဖြေလာရောက်ကြသူများဖြင့် စည်ကားခဲ့သည်။

ထို့ပြင် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီများနှင့်နေအိမ်များ၌ မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဆီမီးနှင့်မီးရောင်စုံ ထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံများလွှတ်တင်ပူဇော်ခြင်း၊ မိဘဘိုးဘွားများနှင့် ဆရာသမားများကို လိုက်လံကန်တော့ခြင်းတို့ဖြင့် စည်ကားခဲ့သည်။ **သတင်းစဉ်**





## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ နေပြည်တော်ကောင်စီက ကြီးမှူး၍ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်၍ မီးပုံးပျံလွှတ်တင်ပူဇော်

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ နေပြည်တော်ကောင်စီကကြီးမှူး၍ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် မီးပုံးပျံများ လွှတ်တင်ပူဇော်ပွဲကို ယနေ့ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ ညနေ ၆ နာရီတွင် ကျင်းပသည်။

အဆိုပါ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် မီးပုံးပျံများ လွှတ်တင်ပူဇော်ပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်ဇနီး၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့်ဇနီးများ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များနှင့် ဌာနကြီးမှူးများ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့နှင့် ဝတ်ရွတ်အသင်းအဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများ တက်ရောက်၍စည်ကားသိုက်မြိုက်စွာ ဆီမီးထွန်းညှိပူဇော်ကြပြီး မီးပုံးပျံများ လွှတ်တင်ပူဇော်ကြသည်။

ထိုသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူး ရဟန်း၊ ရှင်လူပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋီတိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ သဒ္ဓါဓိပတိခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီတော်များအပါအဝင် ဘာသာရေးဆိုင်ရာ အဆောက်အဦများနှင့် ဥယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်းနှင့် ဝါကျွတ်ကာလအခါသမယအဖြစ် ဆီမီးထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံများ လွှတ်တင်ပူဇော်ခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကျက်သရေဆောင် သမိုင်းဝင် ရွှေဆံတော် စေတီတော်မြတ်ကြီး၌ ယနေ့ (သီတင်းကျွတ်လပြည့်နေ့) တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။ **ခရိုင်(ပြန်/ဆက်)**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တာဝန်ရှိသူများ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များက မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် **"မဟာဂီတ" တေးသီချင်း အဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆီးနှင်းပြိုက်ကျ"(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက"မြိုင်ဟေမာ" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။




နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့် တာဝန်ရှိသူများ "ကာလပေါ်"တေးသီချင်း အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးက "ယောကျ်ား ဆုပန်" သီချင်းဖြင့် ပါဝင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**"ကာလပေါ်"တေးသီချင်း အဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Banquet Hall ၌ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ယောကျ်ား ဆုပန်" သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သန္တာဠီစ" သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

## အကပြိုင်ပွဲ

**အကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ်ညီညာစွာ အသုံးပြု၍ ကကြိုးကကွက်စုံလင်စွာဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက မြန်မာ့ရိုးရာအကအလှများကို ပေါ်လွင်စေသည့် ကကြိုးကကွက်များဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြရာ လာရောက်ကြည့်ရှုအားပေးကြသည့် အနုသုခုမပညာရပ်ကို စိတ်ဝင်စားကြသော ပြည်သူများဖြင့် စည်ကားခဲ့သည်။

**အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်မာ့ရိုးရာအမွေ အလှတိုးဖြာစေ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်ကြသည်။

**စန္ဒရားအတီးပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ကျင်းပရာ **အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "အောင်မင်္ဂလာ" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မှော်ရုံဟောဝန်" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

## တယောအတီးပြိုင်ပွဲ

**တယောအတီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စိန်ကြောင်နီလာ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်က "စိန်ကြောင်နီလာ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊

*စာမျက်နှာ ၅ သို့*




ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများ အကပြိုင်ပွဲ အခြေခံပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပါဝင်ယှဉ်ပြိုင်ကပြနေမှုကို ကြည့်ရှုအားပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရှေနှင့် တာဝန်ရှိသူများ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များက မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၄ မှ*

မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မှန်ရဝေ" (ပတ်ပျိုး)" သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မှန်ရဝေ" (ပတ်ပျိုး)" သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။






ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ အကပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မနန်းအိနန္ဒာကျော် (ခ) နန်းဖော့ကြည်၏ ယှဉ်ပြိုင်ကပြနေမှုကို ကြည့်ရှုအားပေးစဉ်။

### ပလွေပြိုင်ပွဲ

**ပလွေပြိုင်ပွဲ**ကို အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ယမုံနာ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇေယျာမြို့" (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကျွန်းကျွန်းပိုင်သ" (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကြံကြံဖန်ဖန်" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လွဲ့လွဲ့စိမ်းရောင်" (ကြိုး) သီချင်းဖြင့်လည်းကောင်း တီးမှုတ်ယှဉ်ပြိုင်ကြသည်။

### ဆိုင်းဝိုင်းကြီးအဖွဲ့အလိုက်အတီး ပြိုင်ပွဲ

**ဆိုင်းဝိုင်းကြီးအဖွဲ့အလိုက် အတီးပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

### ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲ**တွင် "ဝေဿန္တရာ" ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု သီရိဟံသာ ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြေများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီးပြိုင်ပွဲ**ကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ကျင်းပရာ **ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲ**တွင် "မဟာဇနက" ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မန်းမြို့ဂုဏ်ရည် ဇာတ်သဘင်အဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်သည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒေါက်တာဘရှေနှင့် ဇနီး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးကိုကိုလှိုင်၊ ဦးအောင်ကျော်ဟိုး၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ Jeng Phang နော်တောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အနုသုခုမသဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာ အသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

နိုင်ငံတော်အနေဖြင့် မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားများအားလုံးတွင် "မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်များ ဆက်လက်ထွန်းကားပြန့်ပွားရေး၊ လူငယ်ထုအတွင်း စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး" ဆိုသည့် မူဝါဒရည်မှန်းချက်များချမှတ်ကာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး အတီး ပြိုင်ပွဲကြီးများကို ၁၉၉၃ ခုနှစ်က စတင်ကျင်းပခဲ့သည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို ခမ်းနားသိုက်မြိုက်စွာဖြင့် ပြည်ထောင်စုသားအားလုံးပူးပေါင်းပါဝင်ပြီး အောင်အောင်မြင်မြင်ဖြင့် ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် ငွေရတုမှတ်တိုင်ကို စိုက်ထူနိုင်ခဲ့ပြီဖြစ်သည်။ ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို အစဉ်အလာမပျက် ဆင်နွှဲကျင်းပနိုင်ခြင်းသည် မြန်မာလူမျိုးတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့်အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးသည့် ကြိုးပမ်းမှု၊ တစ်နည်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်ကို ပိုမိုတက်ကြွအောင် လှုံ့ဆော်ပေးသည့် ကြိုးပမ်းမှုတစ်ရပ်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် တာဝန်ရှိသူများက စန္ဒရားအတီးပြိုင်ပွဲ အခြေခံပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး၏ ပါဝင်ယှဉ်ပြိုင်တီးခတ်နေမှုကို ကြည့်ရှုအားပေးစဉ်။

# ကိုယ်ပိုင်မူဟန် စိုက်ထူပြန်သည့် ယဉ်ကျေးမှုအသိနှင့် အနုပညာအနှစ်

မိုးကေနိုင်

ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံ၊ ဘယ်လူမျိုးမဆို မိမိတို့ကိုယ်ပိုင် အနုသုခုမယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ လူမှုအမူအကျင့်၊ ဝတ်စားဆင်ယင်မှု၊ မိခင်ဘာသာစကား၊ စာပေသမိုင်းကြောင်းတွေကို အလေးအနက် တန်ဖိုးထားလေ့ရှိကြတယ်။ နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ခုရဲ့ ဘုံစံတန်ဖိုးများဖြစ်တဲ့အပြင် ဂုဏ်ယူစရာ သမိုင်းအမွေအနှစ်တွေအဖြစ် မျိုးဂုဏ်မြင့်မားစေတဲ့အတွက် ဖြစ်ပါတယ်။ အလားတူ မြန်မာနိုင်ငံမှာ မြန်မာလူမျိုးရယ်လို့ မော်ကြွားနိုင်တဲ့ ထိုထိုလက္ခဏာရပ်တွေကို သမိုင်းစဉ်ဆက် ပိုင်ဆိုင်ထားတဲ့အတွက်ကြောင့်လည်း ကမ္ဘာ့အလယ်မှာ မြန်မာနိုင်ငံ၊ မြန်မာလူမျိုးရယ်လို့ အမြဲဂုဏ်ယူစရာဖြစ်ခဲ့ကြရတယ်။

### မြန်မာတို့ရဲ့ ယဉ်ကျေးမှုတန်ဖိုးများ

မြန်မာတို့ရဲ့ ထိုတန်ဖိုးတွေက သမိုင်းကြောင်း အရှည်ကြီးရှိခဲ့ပြီး ယခုအချိန်အထိလည်း ခိုင်ခံ့ တည်တံ့ဆဲပါ။ ဘိုးဘွားမိဘအဆက်ဆက်က ခြေရာလက်ရာမပျက် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့တာကြောင့် ဖြစ်ပါလိမ့်မယ်။ သို့သော် မြန်မာတို့ရဲ့ ထိုတန်ဖိုးတွေက ယခုအခါမှာ တဖြည်းဖြည်း ယုတ်လျော့ကျဆင်းနေပြီလား၊ သံသယဝင်စရာ အကြောင်းတရားတွေက ရှိလာနေပြီဖြစ်တယ်။ အချိန်မီလုပ်မှ အစုတ်သက်သာမယ့်အထဲမှာ ထိုအရေးကြီးတဲ့တန်ဖိုးတွေက အဓိကပါဝင်နေပါတယ်။ ယဉ်ကျေးမှု ၊ စာပေ၊ ဘာသာစကား စတာတွေ ယုတ်လျော့ပျက်စီးရခြင်း အကြောင်းတရားများစွာမှာ အချို့အကြောင်းတရားများစွာကြောင့် ပျက်စီးလုနီး ဦးတည်နေတာ တွေ့ရတယ်။ မြန်မာနိုင်ငံဟာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုဝေးရာ အသိုက်အဝန်းကြီးဖြစ်ပြီး လူမျိုး၊ လူမျိုးစု အသီးသီးတို့ရဲ့ ယဉ်ကျေးမှုတွေ ပေါင်းစည်းနေထိုင်ရာ multiculturalism အစုအဝေးတစ်ခုလည်း ဖြစ်ပါတယ်။ ဒါကြောင့် မိမိယဉ်ကျေးမှု၊ မိမိလူမျိုး သမိုင်းကြောင်း ပျက်စီးရာ ပျက်စီးကြောင်း အကြောင်းတရားတွေ မဖန်တီးမိဖို့၊ မြန်မာ့ယဉ်ကျေးမှု ဘာသာတရား မပျောက်ပျက် မပျက်စီးအောင် မိမိတို့မှာ အထူးတာဝန်ရှိကြောင်း ခံယူထားရမှာ ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးမှာ ဒီလိုအရေးကြီးတဲ့ ယဉ်ကျေးမှုတန်ဖိုးကို ဘာကြောင့်ထိန်းသိမ်းစောင့်ရှောက်သင့်ပါသလဲဆိုရရင် ထိုနိုင်ငံရဲ့ အမျိုးသားရေးလက္ခဏာအသွင်အပြင်က ထိုလူမျိုးရဲ့ တန်ဖိုး၊ ထိုနိုင်ငံသားတို့ရဲ့စရိုက် အမှတ်သညာ အသက်ဝိညာဉ်တွေက ကပ်ငြိယှဉ်တွဲနေလို့ပါပဲ။ အထူးသဖြင့် မြန်မာတိုင်းရင်းသားအားလုံးတို့ရဲ့ ချစ်စရာကောင်းတဲ့ယဉ်ကျေးမှုတွေက ချစ်ခင်ရင်းနှီးမှု၊ ပျူငှာဖော်ရွေမှု၊ စေတနာသဒ္ဓါတရား၊ ရိုးသားမှု၊ ပျော်ရွှင်ကြည်နူးဖွယ်တို့နဲ့ ဆက်စပ်နေတာကြောင့်လည်း ဖြစ်ပါတယ်။ မြန်မာ့ယဉ်ကျေးမှုမှာ မူပိုင်အလှ၊ ကိုယ်ပိုင်ဟန်ပန်၊ မြင့်မားတဲ့အတွေးအခေါ်နဲ့ အသိပညာ၊ စိတ်နေသဘောထား၊ လူနေမှုပုံစံ ဘာသာစကားအဆုံးအမ များစွာမှာ ထူးခြားမှုတသီကြီးနဲ့ အလှကိုယ်စီရှိနေတယ်။ အစဉ်အလာကောင်းခဲ့တဲ့ လူ့အဖွဲ့အစည်းကို မတူကွဲပြားခြားနားတဲ့ ယဉ်ကျေးမှုတွေနဲ့ ပေါင်းစပ်တည်ဆောက်ထားနိုင်ခြင်းကြောင့်လည်း ဖြစ်တန်ရာတယ်။

တစ်ဦးနဲ့တစ်ဦး ခံစားချက်ချင်းနီးစပ်ဖို့က ယဉ်ကျေးမှုချင်း ဂဟေဆက်နိုင်မှသာ ပိုပြီးထိရောက်မှုရှိမှာ မဟုတ်လား။ ဒါကြောင့် လူ့အဖွဲ့အစည်းတစ်ခုဟာ ယဉ်ကျေးမှုနဲ့ ကင်းကွာလို့ မဖြစ်နိုင်သလို ယဉ်ကျေးမှုမဲ့တဲ့လူမျိုးမှာ သမိုင်းလည်းမရှိနိုင်ဘူးဆိုတာ သိထားရမယ့်အချက်ပဲ။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးအသီးသီးတို့ရဲ့ အဆို၊ အက၊ အရေး၊ အတီး၊ စာပေ၊ ပန်းချီ စတဲ့ အနုသုခုမပညာတို့ဟာ ရှေးကျပေမယ့် အဆင့်မြင့်မားလွန်းတာတွေ့ရပြီး ခေတ်အဆက်ဆက် တန်ဖိုးထားခံရခြင်းဟာ ဘာသာတရားရဲ့လွှမ်းမိုးမှုနဲ့ အတူ ကုသိုလ်အရေးအရာတွေနဲ့လည်း တွဲစပ်နေတာကြောင့်ဆိုတာ မမေ့သင့်ဘူး။ အကျိုးဆက်က ဝတ်စားဆင်ယင်မှုကအစ ရမ်းကားမှုမရှိ၊ ဟော့ရမ်းမှုမရှိ၊ ယဉ်ယဉ်ကျေးကျေးနဲ့ နူးညံ့သိမ်မွေ့လှတဲ့ မြန်မာတို့ရဲ့ ယဉ်ကျေးမှုအလှတရားများကို ပိုင်ဆိုင်ခွင့်ရလိုက်တာပါပဲ။

> ❖ အမှန်တော့ မြတ်နိုးဖွယ်ရာ ရတနာအမွေအနှစ်တွေဖြစ်တဲ့ မြန်မာ့ ရိုးရာယဉ်ကျေးမှုအစုစုကို မပျောက်ပျက်၊ မဆုံးရှုံးအောင် သမိုင်း အစဉ်အဆက် ထိန်းသိမ်းကာကွယ်ရမယ့်တာဝန်က အားလုံးမှာ ရှိပါတယ်။ တည်တံ့အောင်လုပ်ရမယ့်အပြင် ဖွံ့ဖြိုးအောင်လည်း လုပ်ရမှာဖြစ်တယ်။ မြန်မာလူမျိုးတို့ရဲ့ ဘဝနဲ့ဂုဏ်သိက္ခာကို မြန်မာတို့ရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုအလှတရားတွေနဲ့သာ တည်ဆောက် ရမှာဖြစ်ပြီး ယဉ်ကျေးမှုအုတ်မြစ် ခိုင်ခိုင်မာမာရှိမှလည်း အမျိုးသား ရေးအားမာန်က အားကောင်းလာမှာဖြစ်

### ပျိုးထောင်ရမယ့် အနုပညာချစ်စိတ်

ဒါပေမယ့် ထိုမျှတန်ဖိုးထား ထွန်းကားခဲ့တဲ့ ယဉ်ကျေးမှုအဆင့်အတန်းကို ထိန်းသိမ်းစောင့်ရှောက်နေတဲ့ကြားက ပိုပြီးမဆုတ်ယုတ်သွားအောင်၊ မြင့်သထက်မြင့်နေအောင် ယခုအခါမှာတော့ မနည်းကြိုးပမ်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေရပါပြီ။ သိတဲ့အတိုင်း ယဉ်ကျေးမှုပျောက်ရင် လူမျိုးပါပျောက်ကွယ်တယ်ဆိုတဲ့ သဘောတရားကို လျစ်လျူမရှုမိဖို့ လိုနေပါတယ်။ မြန်မြန်ဆန်ဆန်ပြောင်းလဲနေတဲ့ခေတ်ကြီးမှာ ယဉ်ကျေးမှုနဲ့ ပတ်သက်ရင် ယနေ့လူငယ်များ အတွေးအခေါ်က အစ လွဲလို့မဖြစ်ပါ။ ယဉ်ကျေးမှုအနုပညာ အစိတ်အပိုင်းတစ်ခုစီနဲ့ ပတ်သက်ပြီး အသိအတတ်ပညာရပ်များ နားလည်တတ်မြောက်ထားသင့်ပါတယ်။ အနုပညာအခြေခံနဲ့ အနုပညာချစ်မြတ်နိုးစိတ်ကို စာသင်ကျောင်းမှာကတည်းက ပျိုးထောင်ပေးထားသင့်တယ်။

ကလေးသူငယ်အရွယ်ကစပြီး အနုပညာတစ်ခုခုမှာ ဝါသနာပါနေအောင်၊ မြန်မာ့ရိုးရာအနုပညာကို မြတ်နိုးခင်မင် တွယ်တာစိတ်ဖြစ်နေအောင် ပညာပေးနှိုးဆော်ထားသင့်ပါတယ်။ မိမိယဉ်ကျေးမှုသမိုင်းကြောင်းကအစ သိနားလည်ထားဖို့ လိုအပ်သလို ကမ္ဘာ့နိုင်ငံတွေနဲ့ လူမျိုးအသီးသီးကရော သူတို့ယဉ်ကျေးမှုကို ဘယ်လိုတန်ဖိုးထားကြသလဲ၊ ဘယ်လိုထိန်းသိမ်း ကာကွယ်စောင့်ရှောက်နေကြသလဲ၊ တိုင်းတစ်ပါးယဉ်ကျေးမှု ဘယ်လိုဝင်လာလာ မိမိယဉ်ကျေးမှုကို မပပျောက်အောင် အရိုးပေါ်အရွက်မဖုံး ဘယ်လိုအတုယူ ပေါင်းစပ်ဖန်တီးနေကြသလဲ၊ သင်ခန်းစာယူဖို့ကောင်းတဲ့ ခွဲခြမ်းစိတ်ဖြာအသိတွေကို ဖတ်မှတ်၊ မြင်သိခြင်းကတစ်ဆင့် လိုက်နာသင့်ကြပါတယ်။ တိုင်းတစ်ပါးယဉ်ကျေးမှု ဝါးမျိုမခံရအောင် နိုးနိုးကြားကြား သတိရှိသင့်ကြောင်း တွေ့ရပါမယ်။

### ဖန်တီးမှုအသစ်တွေနဲ့ ကိုယ်ပိုင်မူဟန်ဖြစ်ရန်

နိုင်ငံသားအားလုံးဟာ မိမိတို့စာပေ၊ မိခင်ဘာသာစကား၊ ကိုယ်ပိုင်အနုပညာကို တိုင်းတစ်ပါးတို့နဲ့တွေ့ရင် ဂုဏ်ယူစွာနဲ့ ထုတ်ဖော်ပြသနိုင်စွမ်းရှိရပါမယ်။ အတိတ်ကာလက အနုပညာရှင်ကြီးတွေဟာ မြန်မာ့အနုပညာကို ကမ္ဘာအနှံ့ ဖြန့်ကြက်နိုင်စွမ်းရှိခဲ့တဲ့အတွက် ကမ္ဘာ့အလယ်မှာ ဂုဏ်ယူစရာ၊ ဝင့်ကြွားစရာဖြစ်ခဲ့ဖူးတယ်။ ယခုအချိန်မှာတော့ တိုင်းတစ်ပါးယဉ်ကျေးမှုတွေက မိမိနိုင်ငံ၊ မိမိလူ့အဖွဲ့အစည်းအတွင်း စိမ့်ဝင်ထိုးဖောက်နေတဲ့ အနေအထားဖြစ်နေတယ်။ အထူးသဖြင့် ယဉ်ကျေးမှုကိုယ်ခံအားနည်းတဲ့လူငယ်တွေမှာ ပိုပြီးတိုက်စားခံရတဲ့ အနေအထားရောက်နေတယ်။ ယဉ်ကျေးမှုချင်း ရောပြွမ်းပေါင်းစပ်ရာကနေ ဝါးမျိုခံရမယ့် အနေအထားအထိ စိုးရိမ်စရာဖြစ်လာတယ်။ မိမိတို့ရဲ့လူမှုစနစ်၊ ဘာသာတရား၊ မင်္ဂလာတရားနဲ့ ကိုက်ညီမှု ရှိ မရှိ၊ ကွဲကွဲပြားပြားခွဲခြားနိုင်စွမ်း ရှိသင့်တယ်လို့ ယူဆပါတယ်။ အထူးသဖြင့် လူငယ်တွေအတွက်ပါ။ ယဉ်ကျေးမှုနဲ့ပတ်သက်ရင် အလေးအနက်ထား သတိပြုရမယ့် လိုအပ်ချက်များစွာနဲ့ ဆက်လက်ပြုပြင်ရမယ့် အချက်များစွာရှိနေကြောင်း လက်ခံရမှာဖြစ်ပါတယ်။

### တိုင်းရင်းသားတို့အနုပညာ အမြဲတမ်းပွဲထုတ်ပေးလျက်ရှိ

ပိုပြီးကောင်းလာမယ်၊ တီထွင်ဖန်တီးဆန်းသစ်မှုရှိပြီး ခေတ်မီတဲ့ယဉ်ကျေးမှုဖြစ်မယ်၊ တိုးတက်မှုဆီ ရှေးရှုမယ်ဆိုရင်တော့ ပေါင်းစပ်သင့် ပေါင်းစပ်ရမယ်၊ ဖလှယ်သင့် ဖလှယ်ရပါမယ်၊ ပေါင်းစပ်တယ်ဆိုတာ ပုံတူကူးချခြင်းကိုမဆိုလို၊ သူ့ယဉ်ကျေးမှုဆီက မိမိတို့ရိုးရာနဲ့ လိုက်ဖက်တာကိုယူမယ်၊ အသစ်တီထွင်ဖန်တီးပြီး မိမိကိုယ်ပိုင်ဟန်ဖြစ်အောင် လုပ်တာပါပဲ။ ဒါပေမယ့် အမျိုးသားရေးကြန်အင်ထိခိုက်တဲ့အထိတော့ ခွင့်မပြုသင့်ဘူး။ တကယ်တော့ ဂုဏ်ထူးဝိသေသအထူးရှိတဲ့ မြန်မာ့ယဉ်ကျေးမှုဟာ ဂုဏ်ယူစရာအပြည့်ရှိပြီးသား ဖြစ်ပါတယ်။ နိုင်ငံခြားသားတွေကိုယ်တိုင်က မြန်မာ့အနုပညာကို လေးလေးစားစား တန်ဖိုးထားပြီးသားပါ။ မိမိတို့ကိုယ်တိုင်ကသာ မိမိတို့အနုပညာကို တန်ဖိုးထား ဂုဏ်ယူတတ်ဖို့ လိုအပ်နေတာ။ သူတို့က အနုပညာကို ပညာမျက်စိနဲ့ တန်ဖိုးဖြတ်တတ်ကြတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ယဉ်ကျေးမှုအနုသုခုမတို့ဟာ နိုင်ငံရဲ့မျိုးချစ်စိတ်၊ လူမျိုးချစ်စိတ်၊ ပညာရည်ချိန်၊ နိုင်ငံရေး ၊ စီးပွားရေး၊ ကိုယ်ခံစွမ်းအားတွေနဲ့လည်း ဆက်စပ်နေပါတယ်။ မျိုးချစ်စိတ်ကင်းမဲ့ခြင်းဟာ ယဉ်ကျေးမှုအလှအပတွေရဲ့ တန်ဖိုးကို ယုတ်လျော့သွားစေသလို နိုင်ငံသားတို့ရဲ့ဇာတိမာန်ကို ရိုက်ချိုးချင်ရင် ယဉ်ကျေးမှုကို ဦးစွာဖျက်ဆီးလေ့ရှိကြတယ်ဆိုတာ နားလည်ထားဖို့လိုပါတယ်။

ဒါကြောင့်လည်း အမျိုးသားအဆင့် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွေကို နှစ်စဉ် အလေးအနက်ထားကျင်းပပေးနေတာ ဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ အောင်အောင်မြင်မြင်နဲ့ သုံးနှစ်ဆက်တိုက် ကျင်းပပေးခဲ့တာ (၂၅) ကြိမ်မြောက် ငွေရတုတိုင်ရှိခဲ့ပါပြီ။ နိုင်ငံတည်ငြိမ်အေးချမ်းရေးမှာ အထောက်အကူပြုတဲ့ ကဏ္ဍတစ်ရပ်အဖြစ်လည်း အသိအမှတ်ပြုထားပါတယ်။ ခေတ်အဆက်ဆက်တတ်နိုင်သမျှ ဒီလိုမှ မဆောင်ရွက်ဘူးဆိုရင် အနာဂတ် မြန်မာ့ယဉ်ကျေးမှုအလားအလာနဲ့ အမျိုးသားရေးစရိုက်ဟာ စိုးရိမ်ဖွယ်ရာအနေအထားဆိုက်ရောက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း မြန်မာ့ရိုးရာအက၊ ဂီတ၊ စာပေပညာတွေ မပျောက်အောင် စဉ်ဆက်မပြတ် ထိန်းသိမ်းနေရခြင်း ဖြစ်ပါတယ်။

ဒီလိုပြိုင်ပွဲကြီးတွေကမှ လေးစားအားကျဖွယ်သမ္မာရင့်ဝါရင့်အနုပညာရှင်ကြီးတွေနဲ့ လူငယ်မျိုးဆက်သစ်တွေအကြား လက်ဆင့်ကမ်းချိတ်ဆက်ပေးနိုင်မှာ၊ အနုပညာသွေးသစ်လောင်းနိုင်မှာ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် အနုပညာရှင် ဆရာကြီးဆရာမကြီး အများစုဟာ အမျိုးသားရေးအနုပညာရှင်တွေအဖြစ် ထင်ရှားကျော်ကြားခဲ့ကြပြီး သူတို့ရဲ့ ထက်သန်တဲ့မျိုးချစ်စိတ်က လေးစားအားကျအတုယူဖွယ်ရာဖြစ်ခဲ့ပါတယ်။ ရှေးခေတ်ပညာရှင်ကြီးတွေရဲ့ အနုသုခုမအရည်အသွေးက ဇာတိသွေးဇာတိမာန်ကို နှိုးဆွပေးနိုင်စွမ်းရှိခဲ့ပြီး အမျိုးသားရေးနဲ့ ညီညွတ်မှုစိတ်ဓာတ်တွေ ထက်သန်စေတာလည်း တွေ့ရတယ်။

ဒါကြောင့်လည်း ယခုနှစ်ပြိုင်ပွဲမှာ တိုင်းရင်းသားတွေရဲ့ ရိုးရာတူရိယာပစ္စည်းများကို ပေါင်းစပ်ပြီးမှ တိုင်းရင်းသားဘာသာစကားနဲ့ ရေးစပ်ထားတဲ့ ဂီတအနုသုခုမနဲ့ တိုင်းရင်းသားအကပြိုင်ပွဲတွေကို တွေ့မြင်လာရခြင်းဖြစ်ပါတယ်။ တိုင်းရင်းသားအားလုံးရဲ့အနုပညာနဲ့ဓလေ့ထုံးတမ်းတွေကို ယခုလို ဂုဏ်ယူစွာပွဲထုတ်ပေးနေတာက ယခုအချိန်မှာ အထူးလိုအပ်နေတဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို လေးစားတန်ဖိုးထားခြင်းတစ်မျိုးအဖြစ် ယူဆနိုင်ပါတယ်။

အမှန်တော့ မြတ်နိုးဖွယ်ရာ ရတနာအမွေအနှစ်တွေဖြစ်တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုအစုစုကို မပျောက်ပျက်၊ မဆုံးရှုံးအောင် သမိုင်းအစဉ်အဆက် ထိန်းသိမ်းကာကွယ်ရမယ့်တာဝန်က အားလုံးမှာ ရှိပါတယ်။ တည်တံ့အောင်လုပ်ရမယ့်အပြင် ဖွံ့ဖြိုးအောင်လည်း လုပ်ရမှာဖြစ်တယ်။ မြန်မာလူမျိုးတို့ရဲ့ ဘဝနဲ့ဂုဏ်သိက္ခာကို မြန်မာတို့ရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုအလှတရားတွေနဲ့သာ တည်ဆောက်ရမှာဖြစ်ပြီး ယဉ်ကျေးမှုအုတ်မြစ် ခိုင်ခိုင်မာမာရှိမှလည်း အမျိုးသားရေးအားမာန်က အားကောင်းလာမှာ ဖြစ်တယ်။ ဒီလို လက်ခံထားရမှာဖြစ်ပါတယ်။

အရိုင်းကနေ အယဉ်၊ အကြမ်းကနေ အနုအလှည့်အပြောင်းက ယဉ်ကျေးမှုအခြေခံပါမှ ဖြစ်နိုင်ပါတယ်။ အရိုင်းမဆန် ပညာပေးဆန်တဲ့ အနုသုခုမပညာကသာ ဒေါသကနေ မေတ္တာတရားကို ဖြစ်ထွန်းစေမယ်လို့လည်း ယုံကြည်ထားပါတယ်။ ထိုယုံကြည်ချက်ကတစ်ဆင့်သာလျှင်... အထိန်းအကွပ်မဲ့ အရှက်အကြောက်ကင်းပြီး ရမ်းကားခြင်းကင်းတဲ့၊ လှပအေးချမ်းတဲ့ လူ့အဖွဲ့အစည်းတစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုရရှိနိုင်ဖို့ ကောင်းမွန်တဲ့ ယဉ်ကျေးမှုအခြေခံကောင်းတွေကို စဉ်ဆက်မပြတ် ဆက်လက်ပျိုးထောင်သွားကြရမယ်လို့ ခံယူမိပါတယ်။ ။

# မြန်မာ့ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးက လူငယ်တွေအတွက် သင်ယူစရာအများကြီးလို့ မြင်ပါတယ် ဒီလိုနည်းနဲ့ သမီးတို့က ကိုယ့်ယဉ်ကျေးမှုကို ကိုယ်ရှာတွေ့ကြမှာ မဟုတ်လား

မဆုရတီထက်

**၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နေပြည်တော်၌ ခမ်းနားသိုက်မြိုက်စွာဖြင့် ကျင်းပလျက်ရှိရာ အောက်တိုဘာ ၁၇ ရက်တွင် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၏ ရင်တွင်းခံစားချက်စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။**


ဦးတင်သန်းဝင်း


ဦးကျော်ကျော်လင်း(ခ) ပတ္တမြားကုလား


မောင်စိုးမိုးသူ


မောင်ဖွဲ့ထက်မြက်


ကျော်ဘုန်းခန့်


မဆုရတီထက်


မယဉ်မွန်ကျော်

**ဦးတင်သန်းဝင်း**
**သယံဇာတရေးရာဝန်ကြီး၊**
**စစ်ကိုင်းတိုင်းဒေသကြီး**

(၂၅) ကြိမ်မြောက် ငွေရတုပြိုင်ပွဲကြီးအတွက် ၂၀၂၄ ခုနှစ် မေလလောက်ကတည်းက စုဖွဲ့ခဲ့ပါတယ်။ ဇူလိုင်လကစပြီး အဆင့်ဆင့်ပြိုင်ပွဲတွေ ကျင်းပပြီး နိုင်ငံတော်အဆင့် ပြိုင်ပွဲအတွက် လက်ရွေးစင်တွေကို ရွေးချယ်ခဲ့ပါတယ်။ ပြိုင်ပွဲဝင်အားလုံးကလည်း လေ့ကျင့်မှုကောင်းတယ်။ တချို့ဆို နှစ်ပေါက် (၂၄) ကြိမ်မြောက် ပြိုင်ပွဲပြီးကတည်းက လေ့ကျင့်ကြတဲ့သူတွေရှိတယ်။ နည်းစနစ်မှန်အောင်လည်း သမ္မာရင့်ဝါရင့် ပညာရှင်ကြီးတွေက အနီးကပ် လေ့ကျင့် ပြင်ဆင်ပေးခဲ့ပါတယ်။ ဒီနှစ်မှာ ပြိုင်ပွဲဝင်အင်အား ၂၅၀ ကျော်နဲ့ ပြိုင်ပွဲဘာသာရပ် ၈၉ ခု ယှဉ်ပြိုင်နိုင်တဲ့အတွက် အခုနှစ်မှာ အားအကောင်းဆုံး ယှဉ်ပြိုင်တဲ့နှစ်လို့ ပြောလို့ရတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးအနေနဲ့ ရွက်ပုန်းသီးပြိုင်ပွဲဝင်တွေ ဖော်ထုတ်နိုင်ဖို့အတွက် ဟိုးအရင်ယှဉ်ပြိုင်ခဲ့ကြတဲ့သူတွေကနေတစ်ဆင့် ဆက်သွယ်ပြီးတော့ ရွေးချယ်ဖော်ထုတ်ခဲ့ရတယ်။ အချို့ဆို နယ်မြေဒေသ မငြိမ်းချမ်းတဲ့ နေရာတွေကနေလာပြီး ပြိုင်ရတဲ့သူတွေရှိတယ်။ သူတို့တွေက အခုကဗဟိုအဆင့် ထိရောက်အောင် ခက်ခက်ခဲခဲနဲ့ လာရောက် ယှဉ်ပြိုင်နိုင်ကြတဲ့အတွက် အတော်လေးကို ချီးကျူးစရာကောင်းပါတယ်။ တို့နိုင်ငံရဲ့ လူမျိုး၊ ယဉ်ကျေးမှု၊ ရိုးရာယဉ်ကျေးမှု သုခုမဂီတအနုပညာတွေဟာ အမျိုးသား တစ်ရပ်လုံးအတွက် အသက်တစ်မျှ အရေးကြီးတယ်။ ရိုးရာယဉ်ကျေးမှုပျောက်ရင် လူမျိုးပါပျောက်တယ်ဆိုတဲ့ အစဉ်အလာရှိတယ်။ တို့က ဒါကြောင့် လူမျိုးလည်း အပျောက်မခံနိုင်ဘူး။ နိုင်ငံလည်း အပျောက်မခံနိုင်ဘူး။ တို့ရဲ့မြေပုံလည်း အပျက်မခံနိုင်ဘူး။ အဲဒီအတွက် တို့ရဲ့အမျိုးသားရေးစိတ်ဓာတ်တွေ ခိုင်မာနေဖို့လိုတယ်။ တို့အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တွေကိုတွန်းအားပေးနေတာက ရိုးရာယဉ်ကျေးမှုဂီတအနုပညာ အမွေအနှစ်တွေပဲ။ အဲဒါတွေရှိနေလို့ တို့နိုင်ငံတည်ရှိနေတာ။ အဲဒါတွေ ခိုင်မြဲနေလို့ တို့လူမျိုးဆိုတာ ကမ္ဘာ့အလယ်မှာ ဝင့်ကြွားနိုင်တာ။ အဲဒါကြောင့် တို့ရဲ့နိုင်ငံ၊ တို့လူမျိုး၊ တို့ရဲ့ ရိုးရာယဉ်ကျေးမှုတွေ မပျောက်အောင် နိုင်ငံတော်အစိုးရကနေ ဒီလိုပွဲကြီးတွေဖြစ်အောင် လုပ်ပေးနေတာ။ ဒါကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ ဦးတည်ချက်တွေ အထမြောက်အောင် အခက်အခဲတွေကြားထဲကနေဖြစ်အောင် လုပ်နေတယ်။ အောင်မြင်မှုတွေရတယ်။ ဒါကြောင့် ဂုဏ်ယူတယ်၊ မြတ်နိုးတယ်။ ရိုးရာယဉ်ကျေးမှု ဂီတအနုပညာအမွေအနှစ်တွေဟာ တို့အတွက် အသက် သွေးကြောကြီးပဲ။ ဒီအသက်သွေးကြောကိုဘယ်တော့မှ တိမ်ကောပပျောက်သွားတာ မခံနိုင်ဘူး။ ဒါတွေကို လက်ဆင့်ကမ်းဖော်ထုတ်ပြီး အနုပညာကို ချစ်ကြတဲ့ ပြည်သူတွေအားလုံး တက်ညီလက်ညီနဲ့ ဆင်နွှဲနေကြပါတယ်။

**ဦးကျော်ကျော်လင်း(ခ)**
**ပတ္တမြားကုလား(မွန်ပြည်နယ်)**
**ဝါသနာရှင်(ဒုတိယတန်း)**
**ပလွေပြိုင်ပွဲ**

ကျွန်တော်ကတော့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေကို (၉)ကြိမ်မြောက်ကတည်းကစပြီး တစ်နှစ်မှမပျက်ဘဲ ယှဉ်ပြိုင်ခဲ့ပါတယ်။ မနှစ်က ပြိုင်ပွဲမှာလည်း ဆိုင်းတစ်ဦးချင်းနဲ့ နှဲ ရွှေရတယ်။ ဆိုင်းဝိုင်း၊ ပလွေ၊ နှဲ၊ အိုးစည်၊ ဒိုးပတ်၊ ပတ္တလား အတီးပြိုင်ပွဲအားလုံးမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ ရွှေတံဆိပ်ဆု ၁၀ ခု၊ ငွေတံဆိပ်ဆု ၁၅ ခု၊ ကြေးတံဆိပ်ဆုငါးခု ရရှိဖူးပါတယ်။ ဒီနေ့ယှဉ်ပြိုင်ရတာတော့ စိတ်လှုပ်ရှားတယ်။ အခုက ပလွေတို့၊ နှဲတို့ တီးမှုတ်တတ်တဲ့ သူဆိုတာ ရှားတယ်။ မျိုးဆက်သစ်တွေအနေနဲ့ ရှားပါးတဲ့အရာကို လိုက်စားစေချင်တယ်။ ဆက်ပြီးတော့ ထိန်းသိမ်းစေချင်တယ်။ ကိုယ်တိုင်လည်း သင်ပေးနေပါတယ်။ ဆိုင်း၊ နှဲ၊ ပလွေ တပည့်တွေ အများကြီး မွေးထုတ်ပေးထားပါတယ်။ ပြိုင်ပွဲတွေတစ်လျှောက်လုံး ယှဉ်ပြိုင်ခဲ့တဲ့အခါ ပညာတွေက တစ်နှစ်ထက်တစ်နှစ် မတူဘူး။ အကဲဖြတ်ပညာရှင်တွေကလည်း ဘယ်နေရာ ဘာလိုတယ်၊ ဘယ်လိုလုပ်ရမယ်ဆိုတာ သင်ကြားပေးတဲ့အတွက် အသိပညာတွေ ပိုပိုတိုးလာတယ်။ နိုင်ငံတော်က အခုလို အနုပညာတွေဖော်ထုတ်ပေးတဲ့အတွက်လည်း အထူးကျေးဇူးတင်ပါတယ်။

**မောင်စိုးမိုးသူ**
**(မန္တလေးတိုင်းဒေသကြီး)**
**ဝါသနာရှင်(ပထမတန်း)**
**အရေးပြိုင်ပွဲ**

တိုင်းဒေသကြီး အဆင့်မှာ အကောင်းဆုံးကြိုးစားပြီးယှဉ်ပြိုင်ခဲ့သလို ဗဟိုအဆင့် (၂၅) ကြိမ်မြောက် ငွေရတု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ မြန်မာ့ရိုးရာအမွေ အလှတိုးဖြာစေဆိုတဲ့ ခေါင်းစဉ်နဲ့ ယှဉ်ပြိုင်ခဲ့ပါတယ်။ ဒီနေ့က အရေးပြန်ဆိုယှဉ်ပြိုင်ရတာဖြစ်ပါတယ်။ ဒီနှစ်ပြိုင်ပွဲကြီးက ထူးလည်းထူးခြားပါတယ်။ ငွေရတုနှစ် ဖြစ်တဲ့အတွက် ဝင်ရောက်ယှဉ်ပြိုင်ရတာ ဂုဏ်ယူမိပါတယ်။ ငွေရတုပြိုင်ပွဲကြီးမှာ ရွှေတံဆိပ်ဆုရအောင် စာပေဖတ်ရှုလေ့လာထားတဲ့ အတွေ့အကြုံတွေနဲ့ အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ထားပါတယ်။ (၂၃) ကြိမ်မြောက်မှာ နှစ်သိမ့်ဆုရရှိခဲ့ပြီး (၂၄) ကြိမ်မြောက်မှာတော့ ဆုတွေနဲ့ လွဲချော်ခဲ့ပါတယ်။ အရင်အကြိမ်တွေမှာ ယှဉ်ပြိုင်ခဲ့တဲ့အားနည်းချက်၊ အားသာချက်တွေကို ပြန်လည်သုံးသပ်ပြီး ကြိုးစားပြင်ဆင်ခဲ့ပါတယ်။ အခုလို ငွေရတုမှသည် ရတုအဆက်ဆက် ကျင်းပပေးနိုင်ပါစေလို့ ဆုတောင်းပါတယ်။ ပြိုင်ပွဲကြီးကျင်းပပေးတဲ့ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်ခင်ဗျာ။

**မောင်ဖွဲ့ထက်မြက်**
**(မကွေးတိုင်းဒေသကြီး)**
**ဝါသနာရှင် (ပထမတန်း)**
**အကပြိုင်ပွဲ**

ဝါသနာရှင်ပထမတန်း အကပြိုင်ပွဲမှာ ဒီနှစ်တော့ ဆုမျှော်မှန်းပါတယ်။ မနှစ်ကတည်းက ယှဉ်ပြိုင်ခဲ့တာပါ။ ကျွန်တော်က ပန်တျာကျောင်းဆင်းတစ်ယောက်ဖြစ်ပြီး ဒီကြားထဲမှာ ကိုဗစ်ကပ်ရောဂါကြောင့် မြန်မာအကနဲ့ အဆက်နည်းနည်းပြတ်ခဲ့ရတယ်။ အခုနောက်ပိုင်း လူငယ်တွေ ပိုပြီးလုပ်နိုင်လာတာ တွေ့ရတယ်။ အကနည်းစနစ်တွေလည်း ပိုပြီး ဆန်းသစ်လာတယ်။ ကျွန်တော်တို့ထက် ပိုပြီးတော်တဲ့ကလေးတွေလည်း တွေ့ရတယ်။ အရင်နှစ်က ရာမာယဏ ဇာတ်တော်ကြီးမှာလည်း ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ မြန်မာအကပေါ်မှာ ဝါသနာထုံလွန်းအားကြီးလို့ မစွန့်လွှတ်နိုင်တဲ့သူတွေထဲမှာ ကျွန်တော်လည်း ပါဝင်ပါတယ်။

**ကျော်ဘုန်းခန့်**
**(ရှမ်းပြည်နယ်) အခြေခံပညာ**
**(အသက် ၁၀ – ၁၅)**
**အကပြိုင်ပွဲ**

သားက ပြိုင်ဖို့အဆင်သင့်ဖြစ်နေပြီ။ စိတ်တော့လှုပ်ရှားပါတယ်။ ကြောက်တော့ မကြောက်ပါဘူး။ အရင်နှစ်ကလည်း ပြိုင်ဖူးပါတယ်။ ပြည်နယ်အဆင့်မှာပါ ဒုတိယရခဲ့ပါတယ်။ အခုတော့ ဗဟိုအဆင့်ကို ရောက်လာတာပါ။ သားက အလက (၁) လှိုင်လင်မြို့မှာ Grade – 4 တက်နေပါတယ်။ သားက အသက် ၈ နှစ်မှာစပြီး အကသင်တာ။ အခုက ၉ နှစ်ကျော်ဆိုတော့ တစ်နှစ်ကျော်က လာခဲ့တာပါ။ ပြိုင်ပွဲမှာ အကောင်းဆုံး ယှဉ်ပြိုင်သွားမယ်ခင်ဗျ။ နေပြည်တော်ကို လာပြိုင်ရတာ ပျော်လည်းပျော်တယ်။ လာရတဲ့ရက်က အကြာကြီးဆိုတော့ တစ်ခါတလေကျတော့ ပြန်ချင်ပြီ။ ဒီပြိုင်ပွဲကြီးကို သဘောကျပါတယ်။ သားတို့စင်ပေါ်မှာ ကခွင့်ရတယ်။

**မဆုရတီထက် (ကရင်ပြည်နယ်)**
**အခြေခံပညာ (အသက်၁၀– ၁၅)**
**အဆို(ခေတ်ဟောင်းကာလပေါ်)**

ဒီနေ့က သမီးတို့ ပြည်နယ်အတွက် လာအားပေးတာပါ။ သမီးက အောက်တိုဘာ ၁၄ ဖွင့်ပွဲရက်ကတည်းက ပြိုင်ပြီးသွားပါပြီ။ မြန်မာ့ဂီတလှပဝေဆာဆိုတဲ့ ခေတ်ဟောင်းကာလပေါ်နဲ့ ယှဉ်ပြိုင်ခဲ့တာပါ။ အကောင်းဆုံး၊ အားအရဆုံး သီဆိုခဲ့ပါတယ်။ မနှစ်က ပြိုင်ခဲ့ပေမယ့် ဗဟိုအဆင့်ကို မရောက်ခဲ့ဘူး။ သမီးက မြိုင်ကလေးမြို့နယ်ကပါ။ အသက်သုံးနှစ်ကတည်းက အဆိုဝါသနာပါတယ်။ မြန်မာသံကိုလည်း ကြိုက်သလို အနောက်တိုင်းဂီတတို့၊ ကေပေါ့ပ်တို့လည်းဆိုရတာ ကြိုက်ပါတယ်။ မြန်မာ့ဂီတကိုတော့ ကိုယ့်ယဉ်ကျေးမှုဆိုတော့ ပိုပြီးကြိုက်သလို တန်ဖိုးထားပါတယ်။ သမီးရဲ့ လက်ဦးဆရာက အမေပါ။ နောက်ကျတော့ ကျောင်းကနေ ဘုံဆရာအနေနဲ့ ဆရာဦးအောင်သူကို ငှားပေးပါတယ်။ မေမေနဲ့ဆရာအောင်သူတို့၊ ဆရာမ ဒေါ်သီတာသိန်းတို့က သင်ပေးတယ်။ ဒီရောက်လာတော့ သမီးတို့ကို အဘွားထား (အကဲဖြတ်ပညာရှင်)က လိုနေတဲ့ နေရာလေးတွေကို သင်ပြပေးတယ်။ အဓိကကတော့ အဘွားထားက သီဆိုဟန်၊ အရှိုက်အဟဲတွေ သင်ပြပေးပါတယ်။ မြန်မာ့ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးက လူငယ်တွေအတွက်သင်ယူစရာအများကြီးလို့ မြင်ပါတယ်။ အားလုံးကို ပြိုင်စေချင်တယ်။ ဒီလို သီချင်းတွေဆိုရင် တိုင်းပြည်ကို ပိုချစ်မယ်။ မြန်မာအကကရင် မြန်မာ့အကကို တန်ဖိုးထားလာမယ်။ ဒီလိုနည်းနဲ့ သမီးတို့က ကိုယ့်ယဉ်ကျေးမှုကို ကိုယ်ရှာတွေ့ကြမှာမဟုတ်လား။ ဒါကြောင့် အားလုံးကို အဆို၊ အက၊ အရေး၊ အတီး ကိုယ်နဲ့သင့်တော်မယ့် အနုပညာနဲ့ ပါဝင်စေချင်ပါတယ်။

**မယဉ်မွန်ကျော်**
**(ကချင်ပြည်နယ်)**
**အခြေခံပညာ**
**(အသက် ၁၀– ၁၅)**
**အကပြိုင်ပွဲ**

ကျွန်မက နှစ်လလောက်အက လေ့ကျင့်ထားပါတယ်။ အကအပေါ်မှာလည်း အားရကျေနပ်မှုရှိပါတယ်။ ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အမက လေသာကုန်းမှာ Grade – 5 တက်ရောက် ပညာသင်ကြားနေပါတယ်။ မြန်မာအကကိုတော့ ငယ်ငယ်ကတည်းက စိတ်ဝင်စားခဲ့ပြီး အခုလို ဗဟိုအဆင့်အထိ ပါဝင်ခွင့်ရတာ အလွန်ဝမ်းသာပါတယ်။ လာရတာဝေးတဲ့အတွက်ရော၊ အခြားပြည်နယ်တိုင်းက ပြိုင်ပွဲဝင်တွေကို မြင်ရတွေ့ရခင်ခွင့်ရတဲ့အတွက်ရော ကျေးဇူးလည်းတင်ပါတယ်။ သမီး အစတုန်းကတော့ အကအကြောင်း ဘာမှသိပ်မသိပါဘူး။ အခုလေ့ကျင့်ရင်းမှာ မြန်မာအက ဘယ်လောက် ခက်သလဲဆိုတာ ပိုပြီးသိလာရပါတယ်။ ဒါပေမယ့် သမီးတို့ ပင်ပင်ပန်းပန်း လေ့ကျင့်ပြီး အခုလိုယှဉ်ပြိုင်ကြတာကို အားလုံးက အားပေးကြ၊ လက်ခုပ်တွေတီးကြတော့ အမောပြေရပါတယ်ရှင့်။ နောက်နှစ်တွေလည်း ဆက်လက် ယှဉ်ပြိုင်သွားဖို့ရှိပြီး မြန်မာအကကိုလည်း အမြဲလေးစားတန်ဖိုးထားပါ့မယ်။

တွေ့ဆုံမေးမြန်း
ခင်ရတနာ၊ ဇင်ဦး၊ နွဲ့မွန်
ဓာတ်ပုံ– တင်စိုး၊ ဟိန်းထက်ဇော်

# ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ စတုတ္ထနေ့ မြင်ကွင်းပုံရိပ်များ



ဇာတ်တော်ကြီးပြိုင်ပွဲ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် မဟာဇနကဇာတ်တော်ကြီးကို မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မန်းမြို့ဂုဏ်ရည်ဇာတ်သဘင်အဖွဲ့က ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက်စွာ ယှဉ်ပြိုင်စဉ်။



ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် အခြေခံပညာအဆင့် (အသက် ၁၅ - ၂၀ နှစ်) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မောင်စဟိန်းထက်ဝေအဖွဲ့က မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်စဉ်။



တယောအတီးပြိုင်ပွဲ ဝါသနာရှင်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ဦးတင်စိုး ယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မနန်းလှလှအေး ကပြယှဉ်ပြိုင်စဉ်။




အကပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မလှယဉ်ယဉ်ခိုင် ကပြယှဉ်ပြိုင်စဉ်။




မဟာဂီတတေးသီချင်းအဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ - ၁၅ နှစ်) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ မနှင်းချယ်ရီဦး သီဆိုယှဉ်ပြိုင်စဉ်။



ဓာတ်ပုံ - မြန်မာ့အလင်း သတင်းအဖွဲ့

အရေးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) တွင် တနင်္သာရီတိုင်းဒေသကြီးမှ ဦးသန်းကျော် "မြန်မာ့ရိုးရာအမွေ အလှတိုးဖြာစေ" ခေါင်းစဉ်ဖြင့် ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ရာ ဒိုင်အဖွဲ့ဝင်များ အကဲဖြတ်စစ်ဆေးစဉ်။



ပလွေပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင် မောင်စောငြိမ်းဇော်မင်း တီးမှုတ်ယှဉ်ပြိုင်စဉ်။



ကာလပေါ်တေးသီချင်းအဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မထက်ထက်ကေခိုင် သီဆိုယှဉ်ပြိုင်စဉ်။



ပလွေပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဦးကျော်ကျော်လင်း(ခ) ပတ္တမြားကုလား တီးမှုတ်ယှဉ်ပြိုင်စဉ်။



ကာလပေါ်တေးသီချင်းအဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ - ၂၀ နှစ်) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မင်းမျိုးရာဇာ သီဆိုယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ - ၁၅ နှစ်) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ကျော်ဘုန်းခန့် ကပြယှဉ်ပြိုင်စဉ်။



အရေးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်စိုးမိုးသူ "မြန်မာ့ရိုးရာအမွေ အလှတိုးဖြာစေ" အရေးပြန်ဆိုယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ - ၁၅ နှစ်) အမျိုးသားယှဉ်ပြိုင်ရန် ဒိုင်အဖွဲ့ဝင်တစ်ဦးက အလှည့်ကျပြိုင်ပွဲဝင်အား မဲနှိုက်ပေးစဉ်။

# ပြောင်းလိုက်စမ်း မင်းဦးနှောက် ဘယ် ညာ ဘယ်

— — — သဲဟန် (ဘန်ကောက်) — — —

ဘယ် ညာ ၊ ဘယ် ညာ ၊ ဘယ် ညာ၊ ဘယ် . . . ကောက်ရိုးခြေထောက် မြက်ခြေထောက်။

သင်ဟာ ဘယ်သန်လား၊ ညာသန်လား၊ သင့်ကိုယ်သင် သိပါရဲ့လား။ သင့်ရဲ့ စိတ်ပိုင်းဆိုင်ရာ သဘောထားကို လေ့လာကြည့်ရင် သင်ဟာ ဘယ်သန်လား၊ ညာသန်လားဆိုတာ တန်းသိနိုင်လောက်တဲ့နည်းတွေ ဖတ်ရှုလေ့လာခဲ့ဖူးပါတယ်။

တစ်ဦးချင်း၊ တစ်ယောက်ချင်းစီရဲ့ စိတ်ပိုင်းဆိုင်ရာ သဘောထားကနေ အများဆီသို့၊ အများစုဝေးနေတဲ့ အသင်းအဖွဲ့၊ အစုအဖွဲ့တွေမှာ ဘယ်သန်နဲ့ ညာသန် ထင်ထင်ရှားရှားကြီး ကွဲပြားနေတာ သိသာလွန်းပါတယ်။ အထူးသဖြင့် လူမှုကွန်ရက်ပေါ်က ဘယ်သန်ညာသန်၊ ဘယ် ညာ၊ ဘယ် ညာများဆီသို့ တစ်ချက်လောက် ငဲ့ကြည့်ကြရအောင်ပါ။

**မီဒီညာများ ညာသန်နေကြသလား**

Media Ethic ခေါ်တဲ့ သတင်းစာ၊ စာနယ်ဇင်းများ ကျင့်ဝတ်မှာ အင်တာနက်လိုင်းပေါ်က လူမှုကွန်ရက် သတင်းအားလုံး၊ ဆိုရှယ်မီဒီယာတွေအားလုံး အကျုံးဝင်ပါတယ်။ ဘယ်မှာပဲ ဖော်ပြ ဖော်ပြ Who, What, Where, When, Why, How ဆိုတဲ့ အချက်အလက်အခိုင်အမာ ဖော်ပြရပါတယ်။ ဘယ်နေ့၊ ဘယ်အချိန်မှာ ဘယ်သူ၊ ဘာဖြစ်လဲ၊ ဘာကြောင့်ဖြစ်လဲ၊ ဘယ်လိုဖြစ်တာလဲ၊ ဒီသတင်းကို ဘယ်သူ့ဆီက ဘယ်သတင်းအရင်းအမြစ်က ရသလဲဆိုတဲ့ Evidence အခိုင်အမာ၊ အထောက်အထား အခိုင်အမာ ဖော်ပြရပါတယ်။

TABOO လို့ခေါ်တဲ့ မဖွယ်မရာ၊ မမြင်စကောင်း၊ မပြောစကောင်း၊ အနိဋ္ဌာရုံပုံတွေ ဘယ်သတင်းမီဒီယာမှာမှ ဖော်ပြခွင့်မရှိပါဘူး။ လူမှုကွန်ရက်၊ ဆိုရှယ်မီဒီယာတွေအားလုံး အကျုံးဝင်ပါတယ်။ ဒီဆောင်းပါးမှာ "TABOO" “တဘူး” လို့ပဲ တိုတိုသုံးခွင့်ပြုပါ။ လွန်ခဲ့တဲ့ နှစ်မကြာသေးခင်လောက်က အမျိုးသမီးငယ်တစ်ဦးကို ဘာသာခြားအမျိုးသားလူငယ်တစ်စုက အုပ်စုဖွဲ့ မတရားကျင့်တဲ့ Gang Raping အမှုတစ်ခုကို ဂီတသတင်းထောက်တစ်ယောက်က လူဆွဲဆောင်မှုရှိအောင် ရည်ရွယ်ပုံပေါ်ပါတယ်။ TABOO ပုံကို ထည့်လိုက်ရာမှာ မလိုအပ်ဘဲ ဘာသာရေး အဓိကရုဏ်းတစ်ခု ဖြစ်လာစေခဲ့ပါတယ်။ ဒီပုံဟာ ဘာသာရေး လှုံ့ဆော်မှုအသွင်ထိ ကြီးကြီးမားမား ဖြစ်ပွားစေခဲ့ပါတယ်။

သတင်းသမားတွေဟာ Inter Faith Religious Diplomacy ကို ကျင့်သုံးတတ်ရပါမယ်။ နားလည်ရပါမယ်။ ဒါဟာ ကျင့်ဝတ်တစ်ခု ဖြစ်ပါတယ်။

မည်သည့်ဘာသာကိုပဲ ကိုးကွယ် ကိုးကွယ်၊ ရာဇဝတ်မှုကို အပြစ်အတိုင်း၊ ဥပဒေအတိုင်း အရေးယူရပါတယ်။ သူဌေးရဲ့သားမို့၊ လူကြီးရဲ့သားမို့ဆိုပြီး ဥပဒေက လွတ်ပေးတဲ့ကိစ္စမျိုး လုံးဝမရှိစေရပါဘူး။ သတင်းမီဒီယာတွေက ဘာသာရေးအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း မိမိလိုရာဆွဲပြီး လှုံ့ဆော်မှုများ လုံးဝမလုပ်ရပါဘူး။ ဘာသာတရားမတူညီမှုကို လေးစားမှုရှိရပါမယ်။

ဒီကနေ့ လူမှုကွန်ရက်တွေမှာ ကိုယ့်ကိုယ်ကိုယ် ထဲထဲဝင်ဝင် မလေ့လာထား၊ မသိရှိထားဘဲ အခြားဘာသာတွေကို ပုတ်ခတ်စော်ကားနေကြတာဟာ မလုပ်ကောင်းပါ။

**စာနယ်ဇင်းကျင့်ဝတ်**

ဒီကနေ့ လူမှုကွန်ရက်ပေါ်က ဆိုရှယ်မီဒီယာတွေကို စာနယ်ဇင်းကျင့်ဝတ်အခြေခံမှုဆိုတဲ့ ပေတံနဲ့ တိုင်းကြည့်မယ်ဆိုရင်တော့ အတော်လေးကို အိုးနင်းခွက်နင်းဖြစ်နေတာ တွေ့ရပါလိမ့်မယ်။

စာနယ်ဇင်းကျင့်ဝတ်ဆိုတာ မှန်ကန်မှု၊ တိကျမှု၊ အချက်အလက်မှန်ကို အခြေခံတဲ့ ဆက်သွယ်မှု၊ နောက်ကွယ်မှ နှောင်ကြိုးချည်နှောင်ခိုင်းစေမှု လုံးဝကင်းမဲ့သော လွတ်လပ်သော ရပ်တည်မှု၊ ရည်ရွယ်ချက်မှန်ကန်မှု၊ ဘက်မလိုက်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ လူတစ်ဦးချင်း ပုဂ္ဂလအပေါ်မှာသော်လည်းကောင်း၊ အခြားသော လူ၊ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဘာသာ၊ နိုင်ငံ၊ အချုပ်အခြာကို စော်ကားပုတ်ခတ်ခြင်း မပြုသောလေးစားမှု ရှိရပါမယ်။

လူမှုကွန်ရက်မီဒီယာ ကျင့်ဝတ်တွေဟာလည်း ထိုနည်းလည်းကောင်းပါပဲ။ မိမိဖော်ပြတဲ့ သတင်းအချက်အလက် မှန်ကန်မှု၊ ဓာတ်ပုံ၊ ဗီဒီယိုနဲ့ ပတ်သက်ပြီး စာနယ်ဇင်းကျင့်ဝတ်နဲ့ညီကြောင်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိရပါမယ်။ ကိုယ်ကျင့်သိက္ခာ၊ စည်းမျဉ်းလေးစားလိုက်နာမှု ရှိရပါမယ်။ ကောလာဟလတွေ၊ အမုန်းတရားတွေ မဖြန့်ရပါ။ မိမိစိတ်ခံစားမှု ပုဂ္ဂိုလ်စွဲ မိမိထင်မြင်ချက်တွေဟာ သတင်းမဟုတ်ပါ။

လူမှုကွန်ရက် မီဒီယာမှာ အဓိက အရေးကြီးတာက စစ်မှန်မှု၊ ပွင့်လင်းမြင်သာမှု၊ ဆက်သွယ်မှု ဖြစ်ပါတယ်။ အစစ်အမှန်ဖြစ်ရပါမယ်။ အတုအပ မဖြစ်စေရပါ။ နာမည်အတု၊ ပုံအတုတွေ မသုံးရပါ။ သူများနာမည်၊ သူများဓာတ်ပုံတွေ ခိုးယူမသုံးရပါ။ ပုံအဟောင်းတွေ Screenshot ရိုက် ပုံမှားမရိုက်ရပါ။ ပွင့်လင်းမြင်သာမှု ရှိရပါမယ်။ မှန်ရပါမယ်။ ပုန်းလျှိုးကွယ်လျှိုး မရိုးမသား မလုပ်ရပါ။ နိုင်ငံတော်ထိပ်တန်း လျှို့ဝှက်ချက်တွေ၊ လုံခြုံရေးကိစ္စတွေ မပေါက်ကြားရပါ။

နိုင်ငံတော်အဆင့် အတွင်းရေးသတင်းတွေကို ပြင်ပမီဒီယာသို့ရောင်းစားခြင်းဟာ ရာဇဝတ်မှုဖြစ်ပါတယ်။ ဒါမီဒီယာလွတ်လပ်ခွင့် လုံးဝမဟုတ်ပါ။ ပြင်းထန်စွာ အရေးယူသင့်တဲ့ ဥပဒေချိုးဖောက်မှုပါ။ ဆက်သွယ်ရေးမှာ လူတစ်ဦးချင်းသော်လည်းကောင်း၊ အသင်းအဖွဲ့အုပ်စု၊ ကွန်ရက်ချင်းဆက်သွယ်မှုမှာသော်လည်းကောင်း၊ ဥပဒေလုပ်ထုံးလုပ်နည်း၊ ဆက်သွယ်ရေး အက်ဥပဒေနဲ့အညီသာ ရေးသားဖော်ပြခွင့်ရှိပါတယ်။ တရားဝင် ဖြစ်ရပါမယ်။ လူတစ်ဦးချင်းစီ၊ တစ်နိုင်ငံချင်းစီ စကြဝဠာတစ်ခုလုံးနဲ့ဆိုင်တဲ့ ကျင့်ဝတ်တွေ လုံးဝမချိုးဖောက်ရပါ။

လေထဲက ဝါဒဖြန့်တိုက်ပွဲ၊ အမုန်းစွဲတွေဖြန့်တဲ့ တိုက်ပွဲ၊ ကိုယ်ကျင့်သိက္ခာကျင့်ဝတ်မဲ့ မီဒီညာတွေဟာ စာနယ်ဇင်းကျင့်ဝတ်၊ လူမှုစည်းကမ်းကို လုံးဝချိုးဖောက်တဲ့အတွက် သတင်းမှားဝါဒဖြန့်မှုတွေဟာ လူထုကို Mental Torture (စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းမှု) သက်သက်သာ ဖြစ်ပါတယ်။ ဆင်ဆာဘုတ် မရှိတော့တဲ့အတွက် ဆဲသံတွေဝေနေတဲ့ လူမှုကွန်ရက်မီဒီယာတွေဟာ လူသားတွေကို ဆိုးကျိုးသာ ဖြစ်စေပါတယ်။ လောကကောင်းကျိုးမပြုတဲ့ မီဒီညာသက်သက်မျှသာ ဖြစ်ပါတယ်။

**စိတ်ညစ်စရာတွေချည်းပါပဲလား**

မြင်မြင်သမျှ စိတ်ပျက်စရာ၊ ကြားကြားသမျှ စိတ်ဆင်းရဲစရာအားလုံး အနိဋ္ဌာရုံတွေချည်းပါပဲလား။ သတင်းဌာနတွေ ငါးခု၊ ခြောက်ခုလောက်က လွှင့်သမျှ ဆင်တူချည်းပဲ။ ထပ်တလဲလဲ ဒါတွေပဲ၊ Who, What, Where, When, Why, How မပါ။ အချက်အလက်အတိအကျ မဖော်ပြနိုင်ဘဲ အတည်မပြုနိုင်သေးသော သတင်းအရဆိုပြီး မခိုင်မာ၊ မသေချာ၊ ဒီသတင်းကို ဝါဒဖြန့် ၊ ဘယ်သူက၊ ဘယ် Network ကွန်ချာက ဘယ်အချိန်ရယူပါတယ်လို့ မပါရှိဘဲ ထပ်တလဲလဲ ကြားနေရတာ။ ဟုတ်နိုးဟုတ်နိုး စိတ်ဆင်းရဲလိုက်တာ။ ကြားသမျှ ယုံနေကြတဲ့ သတင်းစားသုံးသူတွေ အလိမ်မိနေကြတာ မသိရှာ။

ကမ္ဘာကြီးဟာ ဒုက္ခသည်စခန်းကြီး ဖြစ်နေပါပကောလား။ စိတ်ဆင်းရဲရပါတယ်။ ဗီဒီယိုတွေ ကြည့်လိုက်လည်း မကြည့်ရဲ၊ မကြည့်ရက်စရာတွေချည်းပဲ။ နယ်မြေလုချင်တာနဲ့ ရာထူးလုချင်တာနဲ့ လောဘ၊ဒေါသ၊မောဟ အခြေခံတဲ့ အတ္တတွေကြီးမားလွန်းလာတော့ ခမ္မပျောက်၊ အခမ္မတွေလွှမ်းပြီး မြင်းခေါင်းမှာ ချို (ဂျို) အတုတပ်ထားသလို မှုမမှန် ပုံမှန်မဟုတ်ဘဲ သူတစ်ပါးကို မိမိနဲ့မတူသူ ငါနဲ့မတူ ငါ့ရန်သူဆိုပြီး ပုတ်ခတ်နေကြတယ်။ သတင်းစားသုံးသူတွေက ဘာကိုယုံရတော့မှာလဲ။ သတင်းအမှောင်ချလွန်းတာလည်း တစ်ဖက်စွန်းပါပဲ။

ဆရာတော်ကြီး အရှင်သေဋ္ဌိလက မိန့်ဖူးပါတယ်။ **“ကိုယ့်ဘာသာ ကိုယ့်ဝါဒ၊ ကျယ်ပြန့်ထွန်းကားချင်ရင် သူများဘာသာ၊ သူများဝါဒကို မပုတ်ခတ်ရဘူး”** တဲ့။ ဘယ်နိုင်ငံ၊ ဘယ်ဒေသ၊ ဘယ်လူမျိုးမှာမဆို သူတို့ရဲ့ မိရိုးဖလာ အယူဝါဒ၊ ဓလေ့ထုံးစံဆိုတာရှိတယ်။ ဒါတွေကို အလကားမိစ္ဆာဝါဒတွေပါဆိုတဲ့ ပုံစံမျိုးနဲ့ မပုတ်ခတ်ဖို့၊ မစော်ကားဖို့ သိပ်အရေးကြီးပါတယ်။ ဒါဟာ Inter Faith Religious Diplomacy ပါပဲ။ သူများဘာသာကို မစော်ကားရပါ။ မျက်ကန်းယုံကြည်မှု မျက်ကန်းမျိုးချစ်မဖြစ်ရပါ။

အင်တာနက် ၊ မီဒီယာကွန်ချာကနေ လူတွေကို မကောင်းမြင်၊ အပျက်မြင်၊ စိတ်ဆင်းရဲစရာ၊ စိတ်ပူပင်စရာတွေချည်း၊ ဦးနှောက်ထဲ ဇွတ်အတင်းထိုးသွင်းပြီး စိတ်ပိုင်းဆိုင်ရာ အလဲထိုးမှုတွေကို သတင်းစားသုံးသူတွေ ခံနေကြရတာပေါ့။ လူတွေရဲ့ စိတ်သဏ္ဍာန်မှာ အဆိုးမြင်ဝါဒတွေနဲ့ပဲ ခြေချုပ်မိခံနေရတာ ထပ်တလဲလဲ ကြာလှပေါ့။

ဒီနေရာမှာအောက်စဖို့ဆရာတော်ဟောကြားတဲ့ တရားတော်ထဲက စကားစုတစ်ခုကို ငှားရမ်းသုံးခွင့်ပြုဖို့ ဒီနေရာကနေ ခွင့်တောင်းလိုပါတယ် ဘုရား။ **“စိတ်ခံစားမှု ထောင်ချောက်”** တဲ့။

**သင့်ဦးနှောက်ကို အသစ်တစ်ဖန် ပြောင်းလဲနိုင်ပါသလား (Rewire Your Brain)**

စိတ်ဆင်းရဲမှု၊ စိတ်ပူပန်သောကတွေဝေနေတဲ့ စိတ်ခံစားမှုထောင်ချောက်ထဲကနေ သင်ဘယ်လိုရုန်းထွက်မလဲ။ Neuroplasticity လို့ခေါ်တဲ့ ဦးနှောက်အာရုံခံဆဲလ်တွေ ရွေ့လျားပြောင်းလဲနိုင်စွမ်းကို လွန်ခဲ့တဲ့ ဆယ်ရာစု နှစ်ခုကျော်လောက်ကမှ New Brain Science ဆိုပြီး ဦးနှောက်ဆိုင်ရာ သိပ္ပံတွေ့ရှိချက်အသစ်ကို ဦးနှောက်ဆိုင်ရာ စိတ်ပညာရှင်များ တွင်တွင်ကျယ်ကျယ် သုံးလာကြတာ သတိပြုမိပါတယ်။

စိတ်ဆင်းရဲမှု၊ စိတ်ပူလောင်မှု၊ စိတ်မချမ်းသာမှုတွေဖြစ်နေတဲ့ Negative Emotion System နဲ့ စိတ်ချမ်းသာပျော်ရွှင်နေတဲ့ Positive Emotion စနစ်တွေဟာ Amygdala ( အမစ်ဂလာ) နဲ့ CORTEX ဆိုတဲ့ ဦးနှောက်ရဲ့ ဧရိယာအစိတ်အပိုင်းနှစ်ခုနဲ့ သက်ဆိုင်နေပါတယ်။ စိတ်ခံစားမှုနဲ့ ဦးနှောက်ရဲ့ အာရုံခံဆဲလ်တွေ ဆက်နွယ်မှုဟာ အတော်စိတ်ဝင်စားစရာကောင်းပါတယ်။

စိတ်ဆင်းရဲမှု၊ စိတ်ပူလောင်မှု၊ စိတ်မချမ်းသာမှုတွေဖြစ်နေချိန်မှာ ဦးနှောက်ညာခြမ်းက တက်ကြွအလုပ်လုပ်နေပြီး စိတ်ပျော်ရွှင်နေတဲ့ အချိန်မှာတော့ ဦးနှောက်ဘယ်ခြမ်းက အလုပ်လုပ်နေပါတယ်။ စိတ်ညစ်တာ၊ မကောင်းတာဘဲ တွေ့ရရင်တော့ Negative Emotion System က အာရုံခံဆဲလ်တွေဟာ အကောင်းမမြင်နိုင်တော့ဘဲ ဘာမဆို ရန်လိုတဲ့ စိတ်နဲ့သာ ကြည့်တတ်မြင်တတ်တာ ကြာလာတော့ သူ့ Mental Attitude ဟာ အပျက်မြင် ဝါဒီသမားဖြစ်လာအောင် တွန်းပို့နေတော့ သူ့ဦးနှောက်က ညာသန်ဖြစ်လာပါတော့တယ်။ ဒီအချိန်မှာ Amygdala (အမစ်ဂလာ) က ဓာတ်ပြုအရည်တွေ ထွက် အလုပ်လုပ်နေတာပါ။

စိတ်ချမ်းသာပျော်ရွှင်နေရင် အာရုံခံဆဲလ်တွေဟာ အကောင်းမြင်စိတ်နဲ့ပဲ ကြည့်တတ်လို့ သူ့ရဲ့ Mental Attitude ဟာ အကောင်းမြင်ဝါဒီသမားဖြစ်လာအောင် တွန်းပို့လေတော့ ဦးနှောက်ဘယ်သန်ဖြစ်လာပါတော့တယ်။ ဒါကြောင့် သင့်ရဲ့ စိတ်ပိုင်းဆိုင်ရာ သဘောထားကို လေ့လာကြည့်ရင် သင်ဟာ ဘယ်သန်လား၊ ညာသန်လား၊ စကားပြောကြည့်ရုံနဲ့ သိသာပါတယ်။

ဒါကြောင့် လူမှုကွန်ရက်တွေကပေးနေတဲ့ အနိဋ္ဌာရုံတွေ TABOO ပုံတွေဟာ Amygdala (အမစ်ဂလာ) ကို အစွမ်းကုန် လုပ်နေစေတာ ဖြစ်ပါတယ်။ ဝံပုလွေအမည်းကို အစာကျွေးနေတာပါ။ ညာခြမ်းသန်နေတာပါ။

အောက်စဖို့ ဆရာတော်ကြီးကတော့ မြတ်စွာဘုရားရဲ့

စာမျက်နှာ ၁၁ သို့

❖ **နိုင်ငံတော်အဆင့် အတွင်းရေးသတင်းတွေကို ပြင်ပမီဒီယာသို့ ရောင်းစားခြင်းဟာ ရာဇဝတ်မှုဖြစ်ပါတယ်။ ဒါမီဒီယာလွတ်လပ်ခွင့် လုံးဝမဟုတ်ပါ။ ပြင်းထန်စွာ အရေးယူသင့်တဲ့ ဥပဒေချိုးဖောက်မှုပါ။ ဆက်သွယ်ရေးမှာ လူတစ်ဦးချင်းသော်လည်းကောင်း၊ အသင်းအဖွဲ့အုပ်စု၊ ကွန်ရက်ချင်း ဆက်သွယ်မှုမှာသော်လည်းကောင်း၊ ဥပဒေလုပ်ထုံးလုပ်နည်း၊ ဆက်သွယ်ရေး အက်ဥပဒေနဲ့အညီသာ ရေးသားဖော်ပြခွင့်ရှိပါတယ်။ တရားဝင် ဖြစ်ရပါမယ်။ လူတစ်ဦးချင်းစီ၊ တစ်နိုင်ငံချင်းစီ စကြဝဠာတစ်ခုလုံးနဲ့ဆိုင်တဲ့ ကျင့်ဝတ်တွေ လုံးဝမချိုးဖောက်ရပါ**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ကို ထားဝယ်ရိုးရာသပိတ်မှောက်ပွဲတော် ဖွင့်ပွဲအခမ်းအနားတက်ရောက်

**ထားဝယ် အောက်တိုဘာ ၁၇**

ဝါလကင်းလွတ် သီတင်းကျွတ်လပြည့်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၏ ရိုးရာအစဉ်အလာမပျက် နှစ်စဉ် နှစ်တိုင်းပြုလုပ်လျက်ရှိသော ထားဝယ်ရိုးရာသပိတ်မှောက်ပွဲတော်ကို အောက်တိုဘာ ၁၇ ရက်က ထားဝယ်မြို့ တလိုင်းမရပ် ဆိပ်ကမ်းသာလမ်း ပြည်သူ့အပန်းဖြေရင်ပြင် ထားဝယ်မြစ်ကမ်း၌ ရှေးရိုးရာအစဉ်အလာအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ကိုက အရှင်ဥပဂုတ္တမထေရ်မြတ်အား ရည်စူး၍ ဆီမီးထွန်းညှိပူဇော်ကာ ထားဝယ်ရိုးရာသပိတ်မှောက်ပွဲတော် ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများက မီးပုံးပျံအလုံးရေ ၅၀၀ ကို လွှတ်တင်ပူဇော်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အရှင်ဥပဂုတ္တမထေရ်မြတ်အား သပိတ်မှောက်၍ ဆွမ်းဆက်ကပ်ကုသိုလ်ပြုခဲ့ကြပြီး ဒေသခံပြည်သူများက ထားဝယ်ရိုးရာသပိတ်မှောက်မုန့်ဦးမှစ၍ အကွေ့များပါသော ဝင်္ကဘာကို ပျော်ရွှင်စွာ ဖြတ်ကျော်ကာ သပိတ်မှောက်၍ ဆုတောင်းပတ္ထနာပြုပြီး ကုသိုလ်ယူခဲ့ကြသည်။

သပိတ်မှောက်ပွဲကို နှစ်စဉ်နှစ်တိုင်းသီတင်းကျွတ်လပြည့်နေ့တွင် ပြုလုပ်ကျင်းပလေ့ရှိပြီး စေတနာရှင်၊ အလှူရှင်များက သပိတ်မှောက်ပွဲလာရောက်ကြည့်ရှုသူများကို စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ သပိတ်မှောက်ပွဲတွင် မီးပုံးပျံအငယ်လွှတ်တင်ခြင်း၊ ထားဝယ်ရိုးရာယဉ်ကျေးမှုအက၊ ထားဝယ်ဒေသသပိတ်မှောက်ပွဲအက၊ ထားဝယ်ရိုးရာအကအလှပဒေသာများဖြင့် သီဆိုဧည့်ခံဖျော်ဖြေခြင်းများ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် ဒေသခံပြည်သူများက ကြည်ရှုအားပေးခဲ့ကြသည်။



သပိတ်မှောက်ပွဲကို နံနက် ၄ နာရီမှစ၍ နံနက် ၆ နာရီအထိ ဒေသခံပြည်သူများက စည်ကားသိုက်မြိုက်စွာဖြင့် သပိတ်မှောက်ကုသိုလ်ယူလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီး၏ ဗုဒ္ဓဘိသေက အနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ မင်္ဂလာအခမ်းအနား ကျင်းပ

**ကျိုက်ထို အောက်တိုဘာ ၁၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ တည်ရှိသည့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓဘိသေကအနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ အောက်တိုဘာ ၁၇ ရက်က ဆံတော်ရှင်ကျိုက်ထီးရိုးရင်ပြင်တော်၌ ပြုလုပ်သည်။



ဦးစွာ ကျိုက်ထီးရိုးရင်ပြင်တော်ရှိ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး၌ ကျိုက်ထီးရိုးစေတီတော် ဩဝါဒါစရိယဆရာတော်များအား မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး အခမ်းအနားကို ဆက်လက်ကျင်းပရာ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဩဝါဒါစရိယဆရာတော် (၁၁) ပါးမှ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဗုဒ္ဓဘိသေကအနေကဇာတင်လှူပူဇော်ပြီး စေတီတော်မြတ်အား ဆရာတော်ကြီးများနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပူဇော်ကြသည်။

ယင်းနောက် မြို့နယ်သံဃနာယကအဖွဲ့ (အကျိုးတော်ဆောင်)ဘုရားသုံးဆူ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇဝန္တထံမှ ကိုးပါးသီလခံယူ ဆောက်တည်၍ ဆရာတော်ကြီးများက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားသရဏဂုံ ချီးမြှင့်ပေးကာ ဩဝါဒါစရိယ ဆရာတော်ကြီးများထံ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေ၊ ပြည်နယ် သာသနာရေးဦးစီးမှူး ဦးအောင်ဝင်းထွန်း၊ ဆံတော်ရှင် ကျိုက်ထီးရိုးဂေါပကအဖွဲ့ အဖွဲ့ခေါင်းဆောင်ဦးစိုးလှတို့က ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဘုရားဖူးပြည်သူများက ဆွမ်းဆန်စိမ်းနှင့် အတူ လှူဖွယ်ဝတ္ထုများ လောင်းလှူကြသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

## ကျောက်ဆည်မြို့၌ ပြိုင်ပွဲဝင်ဆင်များအား ဆုချီးမြှင့်ပွဲကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ မြန်မာ့ရိုးရာဆင်အကအလှပြိုင်ပွဲတွင် ဆုရရှိခဲ့သော ပြိုင်ပွဲဝင်ဆင်များအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၆ ရက်က ရွှေသာလျောင်းတောင်ဆင်အကအလှပြိုင်ပွဲ ဗဟိုမဏ္ဍပ်၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့မိမြို့ဖ ဦးစန်းယု၊ ဦးညိုတင်၊ ဦးလှစိုးတို့က မြို့မဆင်ဖြူတော်နှင့် မာဃဆင်ဖြူတော်တို့အား ဂုဏ်ပြုဆုများနှင့် နွဲ့ဆိုး၊ ဇော်ဂျီမောင်၊ ပိတောက်မြိုင်၊ ရဲမာန်ဆင်များအား ရိုးရာဂုဏ်ထူးဆောင် (အသက်ကြီးဆင်) ဂုဏ်ပြုဆုများကို ချီးမြှင့်ပေးခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးကျော်စိုးမိုးနှင့် အဖွဲ့ဝင်(၂) ဦးခင်မောင်ဝင်းတို့က ကလေးဆင်(ရိုးရာ)ပြိုင်ပွဲတွင် ပထမဆု ရရှိခဲ့သော စိမ်းလန်းစိုပြည်ဘိုကေ၊ ဒုတိယဆုရရှိသော ခေတ်သစ်မာန်ဆင်များကိုလည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးအောင်သူ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူး သိန်းကျော်သူတို့က ဘော်ကြယ်ဆင်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော ဆင်များအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သက်မောင် (ကျောက်ဆည်)**



*စာမျက်နှာ ၁၀ မှ*

သတိပဋ္ဌာန်တရားကို Cognitive Psychology စိတ်ပညာရှုထောင့်ကနေ သုံးသပ်ပြ သွားပါတယ်။

စိတ်ဆင်းရဲမှု၊ စိတ်ပူပန်မှုကို ပထမဆုံး စောင့်ကြည့်ခိုင်းပါတယ်။ ပြီးရင် လက်ခံရပါတယ်။ လက်ခံပြီးရင်တော့ အသိအမှတ်ပြုရပါတယ်။ ဒါဟာ မဟာစည်နည်းနဲ့ စာရေးသူတို့ မှတ်ခဲ့ဖူးတာနဲ့ တူပါတယ်။ သတိကို အသုံးပြုပြီး ကိုယ်စိတ်ခံစားမှု စိတ်နေသဘောထားကို သုံးသပ်ခိုင်းတာပါ။ ဦးနှောက်စိတ်ပညာရပ် စကားနဲ့ပြောရရင်တော့ ဦးနှောက်ရဲ့ CORTEX အပိုင်းအစ အလုပ်လုပ်နေတဲ့ နည်းတစ်မျိုးဖြစ်ပါတယ်။

စိတ်ပူပန်၊ စိတ်ဆင်းရဲနေတာကို အတင်းပိတ်ပင်တားဆီးလို့မရပါဘူး။ နည်းလမ်းမမှန်ပါ။ Ironic Process Theory မှာ မင်းမီဒီယာမှာပြောတဲ့ ဒီအကြောင်းမတွေးနဲ့နော်လို့ ကိုယ့်ဘာသာကိုယ်သတိပေးထိန်းချုပ်လိုက်တော့မှ ဒီအကြောင်းချည်း တွေးနေမိတော့တာပဲ။ ဒါကြောင့် ဇွတ်အတင်း ထိန်းချုပ်လေ စိတ်ခံစားမှုထောင်ချောက်ထဲက ရုန်းထွက်လို့ မရလေဖြစ်တော့တာပါပဲ။

**မင်းဟာ ဘယ်သန်လား ညာသန်လား ပြန်စစ်ပါ**

နှုတ်ကထွက်တဲ့စကားလုံးတိုင်းဟာ အကျိုးမခံစားရဘဲ ပျောက်ပျက်သွားတယ်ဆိုတာ မရှိပါဘူးတဲ့။ ဇာတ်တော်တွေကို လေ့လာကြည့်ရင် ကံသုံးပါးမှာ ဝစီကံကြောင့် ဝဋ်လည်ဒုက္ခရောက်တာတွေ တော်တော်များတာ ဖတ်ရပါတယ်။ လူမှုကွန်ရက်စာမျက်နှာတွေမှာ သံဃာတော်တွေကို ဆဲနေတာ၊ မဖွယ်မရာပုံတွေ Screen Shot လုပ် စော်ကားနေကြတာ။ ဘာသာ၊ သာသနာကို စော်ကားနေကြတာများ ကြောက်ခမန်းလိလိ။

ပြက်လုံးတစ်ခုကို သွားသတိရမိပါတယ်။ မြန်မာတွေ ဆဲရင်း ဆဲရင်း ဆင်းရဲသွားတာတဲ့။ "ဆဲတော့ဘာဖြစ်လဲတဲ့" အတွန့်တက်ကြသေးတယ်။ မပြစ်မှားထိုက်သူ သံဃာတွေကိုဆဲတော့ အကုသိုလ်ကံတွေ ဝင်လာဖို့ တံခါးဖွင့်ပေးလိုက်တာနဲ့ တူတူပဲလေ။ ကိုယ့်ကံတွေ တဖြည်းဖြည်း မှိန်သွားတာပေါ့။ ဝဋ်ဆိုတာ ဘဝမကူးပါဘူး။ စောင့်ကြည့်ပါ။

ပါမောက္ခချုပ်ဆရာတော်ကြီးရဲ့ ဓမ္မမှတ်စုမှာ ဖတ်လိုက်ရဖူးတယ်။ လောကမှာ ဖြစ်ပေါ်လာတဲ့ "ဘေး" တွေ မှန်သမျှဟာ လူမိုက်တွေကြောင့်ဖြစ်တာတဲ့။ "ဗာလ" ဆိုတာ ယခုပစ္စုပ္ပန်ဘဝ အကျိုးမဲ့စေခြင်းနဲ့ နောင်သံသရာဘဝတွေရဲ့ အကျိုးမဲ့စေခြင်း နှစ်မျိုးကိုသာ လုပ်တယ်လို့ အဓိပ္ပာယ်ရတယ်တဲ့။

ဒီတော့ ဒီ "ဗာလ" တွေ ဦးနှောက်ထဲ ရိုက်သွင်းတဲ့ မကောင်းမြင် ဦးနှောက်ညာခြမ်းမှာပဲ သင်အမြဲနေတော့မှာလား။ အကောင်းမြင်ဦးနှောက်ဘယ်ခြမ်း အလုပ်လုပ်ရှင်သန်ခြင်းကို သင်မလိုချင်ဘူးလား။ ဦးနှောက်ထဲက အဆိပ်တွေ အပျက်မြင်၊ အတွေးဆွေးတွေကို ဖယ်ထုတ်ပြီး ပျော်ရွှင်စေမယ့်အကောင်းမြင်အတွေးသစ်၊ အမြင်သစ်တွေနဲ့ သင့်ဦးနှောက်ကို အားသစ်မလောင်း ချင်ဘူးလား။ Amygdala (အမစ်ဂလာ) ခြယ်လှယ်သမျှ၊ တစ်နေ့တစ်နေ့ ဆိုရှယ်မီဒီညာတွေ ပြောသမျှယုံပြီး ဦးနှောက်ညာခြမ်းကိုပဲ ရှင်သန်ကြီးပွားစေတော့မှာလား။

ဒါမှမဟုတ်ရင် CORTEX – BASAD TECHNIOUE နဲ့ စိတ်ပူပန်မှု၊ စိတ်ဆင်းရဲမှုတွေကို သတိနဲ့ စောင့်ကြည့်၊ လက်ခံ၊ အသိအမှတ်ပြုပြီး ဦးနှောက်ဘယ်ခြမ်း အလုပ်လုပ်ခိုင်းမလား။ သင်စဉ်းစားထားပြီးလား။ သတိကပ်ပြီး စိတ်လေ့ကျင့်ခန်းလုပ်ခြင်းအားဖြင့် သင့်ဦးနှောက်ကို အသစ်တစ်ဖန် ပြောင်းလဲစေပြီး စိတ်ချမ်းသာ ပျော်ရွှင်မှုကို ရွေးမလား။ ဒါကြောင့် တိုက်တွန်းချင်တယ် . . .

**"ပြောင်းလိုက်စမ်း မင်းဦးနှောက်။ ဘယ် ညာ ဘယ် . . . ဘယ် ညာ ဘယ် . . . ဘယ်"**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ သီတင်းကျွတ်ပွဲတော်တွင် ပါဝင်ဆင်နွှဲ

နေပြည်တော် အောက်တိုဘာ ၁၇

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ ညနေပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာအသံနှင့်ရုပ်မြင်သံကြား၊ ဝန်ထမ်းမိသားစုများ၏ သီတင်းကျွတ်ပွဲတော်တွင် ပါဝင်ဆင်နွှဲသည်။**



ဦးစွာ MRTV ပန်းခြံမုခ်ဦး နေရာတွင်ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ သီတင်းကျွတ်ပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ သီတင်းကျွတ်မီးပုံပွဲကို မီးထွန်းညှို၍ ဖွင့်လှစ်ပေးကာ ဝန်ထမ်းမိသားစုများနှင့်အတူ မီးပုံပွဲတွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲသည်။

**မီးပုံးပျံ ၇၉ လုံး လွှတ်တင်ပူဇော်**

ယင်းနောက် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ရောက်ရှိမည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ၇၉ နှစ်အထိမ်းအမှတ်အဖြစ် မီးပုံးပျံ ၇၉ လုံးအား ဝန်ထမ်းမိသားစုများနှင့် အတူ လွှတ်တင်ပူဇော်ကြသည်။(ဓာတ်ပုံ)

ဆက်လက်၍ သီတင်းကျွတ်ပွဲတော်တွင် ခင်းကျင်းရောင်းချနေကြသည့် တိုင်းရင်းသားရိုးရာအစားအစာ အရောင်းဆိုင်များအား ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ်တီးဝိုင်းအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ၏ ဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှုအားပေးပြီး သီတင်းကျွတ်အထိမ်းအမှတ် ဝန်ထမ်းများ တေးသီချင်းဆိုပြိုင်ပွဲမှ Top -5 ပြိုင်ပွဲဝင် ငါးဦး၏ သီဆိုယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကာ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူ သုံးဦးအား ဆုများ ချီးမြှင့်ပေးအပ်သည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ဝန်ထမ်းမိသားစုများ ပါဝင်ဆင်နွှဲနေကြသည့် ကစားနည်းများကိုကြည့်ရှုအားပေးသည်။

ဆက်လက်၍ MRTV ပန်းခြံနှင့်ဆက်စပ်၍အသစ်ဆောက်လုပ်ထားသည့် ကြိုးတံတားအား ဖွင့်လှစ်၍ ဖြတ်သန်းကြည့်ရှုကြပြီး သီတင်းကျွတ်အထိမ်းအမှတ် ရောင်စုံမီးအလှများ ထွန်းညှိထားသည့် MRTV အဝင်မုခ်ဦး၊ မျှော်စင်အဝိုင်း၊ ပင်မအဆောက်အဦနှင့် စိန်ရတုပြတိုက်တို့ကို ကြည့်ရှုအားပေးခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၇**



အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းက ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာစံပြကျေးရွာသို့ သွားရောက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလုံးစုံပျက်စီး၍ အသစ်တည်ဆောက်မည့်နေအိမ်ပန္နက်တင်ပြန်လည်တည်ဆောက်နေမှုနှင့် တစ်စိတ်တစ်ပိုင်းပျက်စီးမှုပြင်ဆင်နေသည့် နေအိမ်များကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး တွန်းအားပေးဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နေအိမ်ထိခိုက်ပျက်စီးသွားသော ရွာသူ ရွာသားများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ယနေ့စတင်ဆောက်လုပ်မည့် အိမ်အတွက် ပန္နက်ရိုက်ခြင်း၊ တိုင်ထူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တစ်စိတ်တစ်ပိုင်း ပြင်ဆင်ပေးရမည့် အိမ်များကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

အသက် မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၏ အစီအစဉ်ဖြင့် နေပြည်တော်ကောင်စီနယ်မြေ မြို့နယ် သုံးခုအတွင်းမှ ကျေးရွာ လေးရွာရှိ ရေဘေးသင့်နေအိမ်များအနက် အလုံးစုံပြန်လည်ပြင်ဆင်ရမည့် နေအိမ် ၃၄ လုံး၊ တစ်စိတ်တစ်ပိုင်းပြင်ဆင်ခြင်း ၁၀ လုံး စုစုပေါင်း ၄၄ လုံးကို အလှူရှင် CB Bank ဥက္ကဋ္ဌ၏ လှူဒါန်းငွေကျပ်သိန်း ၃၀၀၀ ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်သည်။

ယင်းနောက် အေးမြင့်သာယာကျေးရွာရှိ စိုက်ပျိုးရေးတောင်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့်အရင်းအနှီးများ မတည်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရေကြီးနစ်မြုပ်ခံရမှုကြောင့် စိုက်ပျိုးမြေများတွင် မြေဆီမြေဩဇာ အခြေအနေပြောင်းလဲမှုကို သိရှိနိုင်ရန်နှင့် လိုအပ်သော မြေဆီအာဟာရ မှန်ကန်စွာ ဖြည့်သွင်းပေးနိုင်ရန် မြေဆီလွှာ ဓာတ်ခွဲစစ်ဆေးခြင်း၊ ဓာတ်မြေဩဇာအချိုးအဆ မှန်ကန်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားကာ ဒေသခံပြည်သူများ၏ တင်ပြမှုအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အေးမြင့်သာယာကျေးရွာရှိ စိုက်ပျိုးရေးနှင့် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားတောင်သူ ၆၆ ဦးနှင့် တွေ့ဆုံကာ အသင်းသားပိုင် စိုက်ပျိုးမြေဧက ၂၀၀ တွင် ဆောင်းသီးနှံ မတ်ပဲ စိုက်ပျိုးရေး ညှိနှိုင်းဆွေးနွေးပြီး မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များ အသင်းက လှူဒါန်းထားသည့် မတ်ပဲမျိုး ပိဿာ ၂၀၀၀ ကို လည်းကောင်း၊ သမဝါယမဦးစီးဌာနက ကူညီထောက်ပံ့ပေးသည့် သွင်းအားစု ဓာတ်မြေဩဇာများကို လည်းကောင်း ပေးအပ်သည်။

**သတင်းစဉ်**

# တန့်ယန်းမြို့နယ် ကုန်းမုန်ကျေးရွာ၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**တန့်ယန်း အောက်တိုဘာ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကုန်းမုန်ကျေးရွာအုပ်စု ကုန်းမုန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ စစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ ကုန်းမုန်ကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါလမ်းသည် အရှည်ပေ ၅၀၀၊ အကျယ် ၁၂ပေ၊ ထု ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၃၅ သိန်း စုစုပေါင်းရန်ပုံငွေကျပ် ၁၈၅ သိန်းကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ စတုတ္ထအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းအားလုံး၏ ၆၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

## နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# အယ်လ်ဘေးနီးယားရှိ စင်တာများသို့ ရွှေ့ပြောင်းနေထိုင်သူများကို ပထမဆုံးအကြိမ် အီတလီပို့ဆောင်



**ရောမ အောက်တိုဘာ ၁၇**

အယ်လ်ဘေးနီးယားရှိ အီတလီက တည်ဆောက်ထားသော တည်းခိုစင်တာများသို့ ရွှေ့ပြောင်းနေထိုင်သူအုပ်စု ပထမအသုတ်အဖြစ် ရောက်ရှိလာသည်ဟု သိရသည်။

အာဖရိက မြောက်ပိုင်းနှင့် အခြားသောနေရာများမှ မြေထဲပင်လယ်ကို ဖြတ်ကျော်လာသည့် ရွှေ့ပြောင်းနေထိုင်သူများ အဆမတန် များပြားလာသည့်အပေါ် အီတလီနိုင်ငံက ရုန်းကန်နေရသည်။ ၂၀၂၃ ခုနှစ်အတွင်း အီတလီသို့ ရောက်ရှိလာသည့် ရွှေ့ပြောင်းနေထိုင်သူ ၁၅၀၀၀၀ ခန့်ရှိသည်ဟု အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများ အဖွဲ့အစည်းက ပြောသည်။

နိုင်ငံအတွင်း တရားမဝင် ခိုးဝင်နေထိုင်သူပြဿနာမှာ အီတလီဝန်ကြီးချုပ် ဂျော်ဂျီယာ မယ်လိုနီအတွက် အဓိကဦးစားပေးပြဿနာဖြစ်သည်။ အယ်လ်ဘေးနီးယားတွင် တည်းခိုစင်တာများ ဆောက်လုပ်ရန် လွန်ခဲ့သည့်နှစ်အတွင်းက အယ်လ်ဘေးနီးယားအစိုးရနှင့် အီတလီအစိုးရတို့ သဘောတူညီမှုရရှိခဲ့သည်။

အဆိုပါ စင်တာများကို အောက်တိုဘာ ၁၆ ရက်က ဖွင့်လှစ်ခဲ့သည်။ အီတလီအစိုးရက အဆောက်အအုံ နှစ်ခုအတွက် ကုန်ကျစရိတ်အားလုံးကို ပေးဆောင်မည်ဖြစ်ပြီး တစ်ခုမှာ ခိုလှုံခွင့်လျှောက်ထားမှုနှင့် အခြားသော လုပ်ထုံးလုပ်နည်းများ အတွက်ထားရှိမည်ဖြစ်ပြီး နောက်တစ်ခုမှာ ယာယီတည်းခိုနေထိုင်နိုင်ရေးအတွက် လုပ်ဆောင်မည်ဖြစ်သည်။

တည်းခိုစင်တာများသည် လူဦးရေ ၃၀၀၀ အထိ ဆံ့သော်လည်း ကလေးများ၊ ကိုယ်ဝန်ဆောင်များ၊ အမျိုးသမီးများနှင့် ထိခိုက်လွယ်သူများကို ချန်လှပ်ထားမည်ဖြစ်သည်။

ဥရောပသမဂ္ဂ ပြင်ပတွင် ယင်းကဲ့သို့ အဆောက်အအုံများ တည်ဆောက်ထားရှိခြင်းဖြင့် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများဆီသို့ တရားမဝင်ခိုးဝင်နေထိုင်ရန်ကြိုးပမ်းသူများကို အဟန့်အတားဖြစ်စေမည်ဟု ယုံကြည်ကြောင်း အီတလီဝန်ကြီးချုပ်က ပြောသည်။ ရွှေ့ပြောင်းနေထိုင်သူများ အခွင့်အရေးအတွက် အာမခံချက် လုံလုံလောက်လောက် မပေးနိုင်သဖြင့် လူ့အခွင့်အရေးအုပ်စုများက စိုးရိမ်နေကြသည်။

**အင်န်အိတ်ချ်ကေ**



## နီပေါနိုင်ငံ၌ တောင်ထွတ် ၃၇ ခုသို့ တောင်တက်သမား ၈၇၀ တက်ရောက်ရန် ခွင့်ပြု

**ခတ္တမန္ဒူ အောက်တိုဘာ ၁၇**

နီပေါနိုင်ငံသည် တောင်တက်ရာသီအတွင်း နိုင်ငံအတွင်းရှိ တောင် ၃၇ ခုကို တက်ရောက်ရန်အတွက် လူ ၈၇၀ ကို ခွင့်ပြုပေးခဲ့ကြောင်း အောက်တိုဘာ ၁၆ ရက် ညနေပိုင်းက ထုတ်ပြန်ထားသည်။

နီပေါ ခရီးသွားလာရေးဌာနသည် ကမ္ဘာ့သတ္တမမြောက်နှင့် အဌမမြောက် အမြင့်ဆုံးဖြစ်သည့် ပင်လယ်ရေ မျက်နှာပြင်အထက် ၈၁၆၇ မီတာရှိသည့် Dhaulagiri တောင်နှင့် ၈၁၆၃ မီတာရှိသည့် Manaslu တောင်တို့သို့ နိုင်ငံနှင့်ဒေသ ၇၀ မှ အမျိုးသား ၆၆၈ ဦးနှင့် အမျိုးသမီး ၂၀၂ ဦးကို တောင်ထွတ်သို့ တက်ရောက်ရန် ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

တောင်တက်သမားများအနက် အမေရိကနိုင်ငံမှ ၇၃ ဦး၊ တရုတ်နိုင်ငံမှ ၇၂ ဦးနှင့် ပြင်သစ်နိုင်ငံတို့မှ ၆၉ ဦးတို့ဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် တောင်တက်ရာသီအတွင်း အေဂျင်စီက လူ ၁၃၀၀ ခန့် ခွင့်ပြုပေးခဲ့သည်။ နီပေါနိုင်ငံ၌ တောင်တက်ရာသီမှာ စက်တင်ဘာလမှ စတင်ကာ နိုဝင်ဘာလအထိ ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ဂျာ၌ ယခုနှစ်အတွင်း ရေကြီးမှုကြောင့် ထိခိုက်ခံစားခဲ့ရသူ ၁ ဒသမ ၃၉ သန်းကျော်ကို ကူညီထောက်ပံ့မှုများပေး

**နီယာမေ အောက်တိုဘာ ၁၇**

နိုင်ဂျာအစိုးရသည် ယခုနှစ်အတွင်း ရေကြီးမှုကြောင့် ထိခိုက်ခံစားခဲ့ရသူ ၁၃၉၇၆၆၅ ဦးကို ကူညီထောက်ပံ့မှုများပေးခဲ့သည်။

၎င်းတို့၏ အကူအညီပေးရေးအစီအစဉ်အရ ၉၇ ရာခိုင်နှုန်းနီးပါးကို ကူညီထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်ဟု စားနပ်ရိက္ခာ အကျပ်အတည်းများ ကာကွယ်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသားယန္တရားအဖွဲ့အစည်းက အောက်တိုဘာ ၁၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အောက်တိုဘာ ၁၆ ရက်အထိ နိုင်ဂျာနိုင်ငံ၌ ရေကြီးရေလျှံမှုများကြောင့် လူပေါင်း ၁၄၄၇၅၂၅ ဦး ထိခိုက်ခံစားခဲ့ရသည်။ ဒေသကြီးရှစ်ခုမှ ရေဘေးဒုက္ခခံစားခဲ့ရသူ ၁၃၉၇၆၆၅ ဦးကို ကူညီထောက်ပံ့ပေးခဲ့ကြောင်း စားနပ်ရိက္ခာအကျပ်အတည်းများ ကာကွယ်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသားယန္တရားအဖွဲ့အစည်းက ပြောသည်။

နိုင်ဂျာနိုင်ငံ၏ အစားအသောက်ထုတ်ကုန်များရုံးက ကူညီထောက်ပံ့ရေးပစ္စည်းများကို ၁၅ ကြိမ်မြောက်နှင့် ၁၆ ကြိမ်မြောက် ပေးပို့ခဲ့သည်။

ယခင်က ပေးအပ်ခဲ့သည့် ကူညီထောက်ပံ့မှုများတွင် ခြင်ထောင် ၂၈၆၅ လုံး၊ စောင် ၂၂၆၅ ထည်၊ ပလတ်စတစ်ဖျာ ၂၅၉၉ ခုတို့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



## မစ္စစပီပြည်နယ်၌ တံတားပြိုကျမှုကြောင့် သုံးဦးသေဆုံးပြီး လေးဦးဒဏ်ရာရ

**ဟူစတန် အောက်တိုဘာ ၁၇**

အမေရိကန်တောင်ပိုင်းပြည်နယ် မစ္စစပီ၌ အောက်တိုဘာ ၁၆ ရက် မွန်းလွဲပိုင်းက တံတားတစ်စင်းပြိုကျခဲ့ရာ သုံးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။ အဆိုပါဖြစ်ရပ်မှာ လုပ်ငန်းခွင်အတွင်း မတော်တဆဖြစ်ရပ်ဟု အာဏာပိုင်များက ပြောသည်။

စတောင်းမြစ်ကိုဖြတ်ကူးထားသည့် တံတားအား တံတားအစားထိုးစီမံကိန်း တစ်စိတ်တစ်ပိုင်းပြုလုပ်နေသည့်အတွက် စက်တင်ဘာ ၁၈ ရက်နေ့ကတည်းက ပိတ်ထားခဲ့ကြောင်း မစ္စစပီသယ်ယူပို့ဆောင်ရေးဌာနမှ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ တံတားပြန်လည်အသုံးပြု၍ရပါက အများပြည်သူများထံ သတင်းအချက်အလက်များ ထပ်မံမျှဝေသွားမည်ဟု အဆိုပါဌာနက ပြောသည်။

**ဆင်ဟွာ**



## အိန္ဒိယနိုင်ငံအရှေ့ပိုင်း၌ တားမြစ်ထားသည့်အရက် သောက်သုံးမှုကြောင့် ၂၀ သေဆုံး

**နယူးဒေလီ အောက်တိုဘာ ၁၇**

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းဘီဟာပြည်နယ်၌ တားမြစ်ထားသည့်အရက် တရားမဝင်သောက်သုံးမှုကြောင့် အောက်တိုဘာ ၁၅ ရက်မှစတင်၍ သုံးရက်အတွင်း ၂၀ ထက်မနည်း သေဆုံးခဲ့ပြီး အချို့ဆေးရုံတက်ကုသမှုခံယူနေရကြောင်း ရဲအရာရှိတစ်ဦးက ပြောသည်။

စီဝန်ခရိုင်မှ ၁၅ ဦး သေဆုံးပြီး ဆာရန်ခရိုင်မှ ငါးဦးသေဆုံးခဲ့ရသည်။ တားမြစ်ထားသည့်အရက်ရောင်းချမှုဖြင့် ဆက်နွယ်သည့် ၁၂ ဦးကို ဖမ်းဆီးထားကြောင်း ဘီဟာပြည်နယ် ရဲချုပ် အာလော့ခ်ရာ့ဂျ်က မီဒီယာသို့ ပြောသည်။

အွန်လိုင်းမီဒီယာအချို့တွင် သေဆုံးသူမှာ ၃၆ ဦးရှိပြီဟု ဖော်ပြကြသည်။ ၂၀၁၆ ခုနှစ် ဧပြီလမှ စတင်၍ ဘီဟာပြည်နယ်ကို ခြောက်သွေ့သောပြည်နယ်ဟုကြေညာကာ အရက်ရောင်းချသောက်သုံးခြင်းကို တားမြစ်ထားသည်။

သို့သော်လည်း ပြည်နယ်တစ်ဝန်း အရက်ရောင်းချမှုများ ဆက်လက်လုပ်ဆောင်နေပြီး ယခုကဲ့သို့သေဆုံးမှုမျိုး ယခင်ကလည်း ဖြစ်ပွားခဲ့ဖူးသည်။ ၂၀၂၃ ခုနှစ် ဧပြီလအတွင်း ဘီဟာပြည်နယ်၌ အရက်တု သောက်သုံးမှုကြောင့် ၂၆ ဦး သေဆုံးခဲ့သည်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်းကလည်း ချပ်ပရာခရိုင်၌ အရက်တုသောက်သုံးမိခြင်းကြောင့် ၇၁ ဦး သေဆုံးခဲ့ရသည်။

**ဆင်ဟွာ**

# သီတင်းကျွတ်လပြည့် (အဘိဓမ္မာ အခါတော်နေ့)တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြား

**ရန်ကုန် အောက်တိုဘာ ၁၇**

ယနေ့သည် ၁၃၈၁ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)ဖြစ်သည့် အားလျော်စွာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရား၊ စေတီများ၌ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများကို ကျင်းပကြရာ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။



သီတင်းကျွတ်လပြည့်နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၁ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ ဆွမ်းတော်ကြီး ကပ်လှူပွဲ၊ အဘိဓမ္မာအခါတော်နေ့အခမ်းအနား၊ ဝါတွင်းသီလခံယူပွဲနှင့် ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲတော်(အောင်ပွဲ)ရေစက်ချအခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပကြသည်။

## ဆက်ကပ်လှူဒါန်း

ဦးစွာ အရုဏ်တက်ချိန်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများကို ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များနှင့် ဝန်ထမ်းများက ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဝန်ထမ်းများက အဘိဓမ္မာအခါတော်နေ့ ဆိုင်ရာသိမှတ်ဖွယ်ရာ အမေးအဖြေများ ပြုလုပ်ခြင်း၊ ဓမ္မဒေသနာတော်များ စုပေါင်းရွတ်ဆိုခြင်း၊ ဆုတောင်းအမျှဝေ သာဓုခေါ်ဆိုခြင်းတို့ကို အစီအစဉ်အတိုင်းဆောင်ရွက်ကြပြီး ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲတော်များ (အောင်ပွဲ)နှင့် ရေစက်ချအခမ်းအနားကိုကျင်းပရာ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂုဏာလင်္ကာရထံမှ ညွှန်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးဌေးလှိုင်က ဇယမင်္ဂလာအနုမောဒနာစာတမ်းကို ဖတ်ကြားလျှောက်ထားပြီး ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရွှေပြည်သာကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဝိနယ+ဒီဃနိကာယ ပါဠိပါရဂူ ဘဒ္ဒန္တနာဂိတထံမှ ညွှန်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြားပြီး ရေစက်ချအမျှပေးဝေကြကာ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

## ဆီမီးထွန်းညှိပူဇော်

ယနေ့ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၌ ရွှေတိဂုံစေတီတော်မြတ်ကြီးရင်ပြင်နှင့် အရှေ့၊ အနောက်၊ တောင်၊ မြောက် စောင်းတန်းလေးသွယ်၌ ဘုရားဖူးလာပြည်သူများဖြင့် ကြိတ်ကြိတ်တိုးအထူးစည်ကားလျက်ရှိပြီး အလှူရှင်များက စတုဒိသာအဖြစ် ရေသန့်၊ အချိုရည်၊ ပေါင်မုန့်များ ကျွေးမွေးကြကာ ညပိုင်းတွင် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများသည် ရွှေတိဂုံစေတီတော် ပတ်လည်ရှိ ဆီမီးခုံများ၌ ဆီမီး ၁၁၀၀၀ ကို ထွန်းညှိပူဇော်ဆက်ကပ်လှူဒါန်းကြသည်။



ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ် စေတီတော်(ရန်ကုန်) အဘိဓမ္မာအခါတော်နေ့ ကျင်းပစဉ်။

အလားတူ မဟာဝိဇယစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) အခမ်းအနားကို ဂန္ဓကုဋိတိုက်အတွင်း၌ လည်းကောင်း၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ကကြီးမှူး ကျင်းပသည့် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့) အခမ်းအနားကို ဂေါပကအဖွဲ့ရုံးအပေါ်ထပ်၌ လည်းကောင်း၊ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အဘိဓမ္မာခုနှစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို နန်းဦးဘုရားတန်ဆောင်း၌ လည်းကောင်း ကျင်းပကြပြီး ညပိုင်းတွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော် ဆက်ကပ်ကြသည်။

အလားတူ ဆူးလေစေတီတော်၊ ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရှေးဟောင်း သမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ရွှေဘုန်းပွင့်စေတီတော်၊ သမိုင်းဝင်မဟာဓမ္မရုံသီအိမ်တော်ရာစေတီတော်နှင့် ဆုတောင်းပြည့် မယ်လမုစေတီတို့တွင်လည်း ဂေါပကအဖွဲ့များကကြီးမှူး၍ ယနေ့နံနက်ပိုင်း အရုဏ်တက်ချိန်တွင် စေတီတော်နှင့် ဘုရားရုပ်ပွားတော်များအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ဖြင့် ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက အဘိဓမ္မာအခါတော်နေ့ဆိုင်ရာ သိမှတ်ဖွယ်ရာအမေးအဖြေများ ပြုလုပ်ခြင်း၊ ဓမ္မဒေသနာတော်များ စုပေါင်းရွတ်ဆိုခြင်း၊ ဆုတောင်းအမျှဝေ သာဓုခေါ်ဆိုခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ကြသည်။

ယနေ့ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၌ ရန်ကုန်မြို့ရှိ ဘုရားစေတီများတွင် ဘုရားဖူးလာပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီးများပူဇော်ကြခြင်း၊ အလှူရှင်များက စတုဒိသာကျွေးမွေးလှူဒါန်းကြခြင်း၊ မြို့နယ်၊ ရပ်ကွက်အသီးသီးရှိ လမ်းများ၌ ကုသိုလ်ကောင်းမှုပြုလုပ်ကြခြင်း၊ သက်ကြီး၊ ဝါကြီး၊ မိဘ၊ အဘိုး အဘွား၊ ဆရာသမားများအား ကန်တော့ခြင်း၊ ဥပုသ်သီလဆောက်တည်ကြခြင်း၊ ရုံးများ၊ လူနေအိမ်များနှင့် လမ်းများ၌ ရောင်စုံလျှပ်စစ်မီးများ၊ ဆီမီးများ၊ ဖယောင်းတိုင်မီးများ ထွန်းညှိပူဇော်ကြခြင်းများ ပြုလုပ်ကြရာ အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

**သတင်း – ဇော်မင်းလတ်(MNA)**

**ဓာတ်ပုံ – ကိုကိုဇော်**



လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။



ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီ၌ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်မှုကို တွေ့ရစဉ်။

# သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) တွင် မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၌ ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြပြီး မီးထွန်းပွဲတော်များကျင်းပကာ မြို့လုံးအနှံ့စည်ကားလျက်ရှိ



**မန္တလေး အောက်တိုဘာ ၁၇**

ယနေ့ကျရောက်သည့် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၊ မြို့နယ်၊ ရပ်ကွက်အသီးသီးရှိ စေတီပုထိုးများနှင့် ဓမ္မာရုံများ၌ မြတ်စွာဘုရားရှင်အား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်၍ ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ညပိုင်းတွင် ဘုရားရှင်အား ဆီမီးထွန်းညှိပူဇော်၍ မီးထွန်းပွဲတော်အစီအစဉ်များ ကျင်းပကာ မြို့လုံးအနှံ့ စည်ကားလျက်ရှိသည်။

မန္တလေး ပြည်သူများသည် သီတင်းကျွတ်လပြည့်နေ့ ဓလေ့ထုံးစံအတိုင်း နံနက်အရုဏ်တက်တွင် မဟာမုနိဘုရားကြီးသို့ ဦးခိုက်ပူဇော်ကာ ပန်း၊ ရေချမ်း၊ ဆီမီးများနှင့် ရွှေသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြပြီး မြို့တွင်းရှိ တန်ခိုးကြီးဘုရားများဖြစ်ကြသည့် ရွှေကျီးမြင်မြတ်စွာဘုရား၊ မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားများအပြင် အောင်တော်မူဘုရား၊ ကျောက်စိမ်းစေတီတို့တွင် လည်း ကုသိုလ်ပြုကြသူများ၊ ဘုရားစေတီများ၏ အေးချမ်းသည့်အရိပ်အာဝါသအောက်တွင် တရားဘာဝနာ ပွားများအားထုတ်ကြသူများကို တွေ့မြင်ရသည်။

**ကြိတ်ကြိတ်တိုးစည်ကား**

ထို့အတူ မန္တလေးတောင်ခြေရှိ မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရား၊ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားတို့၏ ဘုရားသုံးဆူ ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးကိုလည်း အစဉ်အလာမပျက် ကျင်းပလျက်ရှိရာ ယနေ့သီတင်းကျွတ်လပြည့်နေ့တွင် အလှူရှင်ပြည်သူများနှင့် ဘာသာရေးအသင်းအဖွဲ့အသီးသီးတို့က ဆွမ်းတော်ကြီးကပ်လှူခြင်း၊ ပန်း၊ ရေချမ်း၊ လျှပ်စစ်မီး၊ ဖယောင်းတိုင် ဆီမီးထွန်းညှိပူဇော်ခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြပြီး ညပိုင်းတွင် ပွဲတော်လာပြည်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ သီတင်းကျွတ်မီးထွန်းပွဲတော်ကို ဆီမီးတစ်သောင်း ထွန်းညှိပူဇော်ပွဲနှင့်အတူ ကျုံးတောင်ဘက်ခြမ်းရှိ ၂၆ လမ်းပေါ်၊ ၆၆လမ်းမှ ၇၃ လမ်းအတွင်း စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ လာရောက်ကုသိုလ်ယူကြသည့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများဖြင့် စည်ကားများပြားခဲ့သည်။

အဆိုပါပူဇော်ပွဲတွင် ပြည်သူများက ၂၆ လမ်းနှင့် ၆၆ လမ်းထောင့်တွင်ထားရှိသည့် ကုသိုလ်တော်ပုံတုစေတီတော်၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးတစ်သောင်း ထွန်းညှိပူဇော်ခဲ့ကြပြီး ၂၆ လမ်းတစ်လျှောက်တွင်လည်း အလှဆင်မီးများ ထွန်းညှိပူဇော်ထားရာ ကြည့်ရှုရသူများအတွက် ကုသိုလ်စိတ်များဖြင့် ကြည်နူးစေခဲ့သည်။

ထို့ပြင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံးရှေ့ရှိ ဖျော်ဖြေရေးမဏ္ဍပ်တွင် နိုင်ငံကျော် အဆိုတော်များနှင့် မြို့တော်စည်ပင်သာယာ တေးဂီတအဖွဲ့တို့က ပြည်သူများအား နာမည်ကျော်တေးသီချင်းကောင်းများဖြင့် ဖျော်ဖြေခဲ့ကြပြီး ဈေးရောင်းပွဲတော် အစီအစဉ်များနှင့်အတူ၊ စတုဒိသာမဏ္ဍပ်များကလည်း ပွဲတော်လာရောက်သူများအား ဧည့်ခံကျွေးမွေး ကုသိုလ်ယူကြသည်။

**ဆီမီးထွန်းညှိပူဇော်**

ထို့အတူ မန္တလေးမြို့အတွင်းရှိ အထင်ကရဘုရားများနှင့် ရပ်ကွက်အတွင်းရှိ ဘုရား၊ စေတီများ၊ ဓမ္မာရုံများနှင့် နေအိမ်များတွင် မြတ်စွာဘုရားရှင်ကို ရည်မှန်း၍ ဆီမီးထွန်းညှိပူဇော်ခြင်း၊ ကလေးငယ်များက မီးရှူးမီးပန်းများနှင့် မီးပုံးအရုပ်များဖြင့် ပျော်ရွှင်စွာ ဆော့ကစားခြင်းများ အပြင် မိသားစုအလိုက် မိဘ၊ ဆရာသမားများအား လိုက်လံဂါရဝပြုကန်တော့ခြင်းများဖြင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ပုံရိပ်ကို ပီပြင်စွာ ဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

**မောင်အေးချမ်း**



မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားကြီးအား အနယ်နယ်အရပ်ရပ်မှ ပြည်သူများ လာရောက်ဖူးမြော်ကြသူများဖြင့် စည်ကားလျက်ရှိစဉ်။



မန္တလေးမြို့ သီတင်းကျွတ်ပွဲတော်တွင် ပြည်သူများ ပျော်ရွှင်စည်ကားစွာ ပါဝင်ဆင်နွှဲကြစဉ်။

## သီတင်းကျွတ်လပြည့်၌ ဘီးလင်းမြို့ ဓမ္မဝိဟာရစာသင်တိုက်၌ ဗုဒ္ဓဘာသာဝင်ပြည်သူများ အေးချမ်းစွာ ကုသိုလ်တရားများပွားများ

**ဘီးလင်း အောက်တိုဘာ ၁၇**

မွန်ပြည်နယ် ဘီးလင်းမြို့ ကန်သာရပ်ကွက်ရှိ ဓမ္မဝိဟာရစာသင်တိုက် ဘုန်းတော်ကြီးကျောင်းတွင် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)၌ ဗုဒ္ဓဘာသာဝင်ပြည်သူများမှ လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ ဥပုသ်သီလခံယူဆောက်တည်ခြင်း၊ တရားဘာဝနာအားထုတ်ခြင်း စသည့်ကုသိုလ်ကောင်းမှုများကို အေးချမ်းစွာ ပြုလုပ်ဆောင်ရွက်ကြလျက်ရှိကြောင်း သိရသည်။

**အေးချမ်းစွာ ပွားများအားထုတ်**

ထိုသို့ ကုသိုလ်ပြုရာတွင် ဆရာတော်ထံမှ ပြည်သူအပေါင်းတို့က ဥပုသ်သီလခံယူဆောက်တည်ကြခြင်း၊ လှူဖွယ်ဝတ္ထုများအသီးသီး ဆက်ကပ်လှူဒါန်းကြခြင်း၊ ဆရာတော်အရှင်သူမြတ်ထံမှ အနုမောဒနာ တရားနာကြားခြင်း၊ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရေစက်ချအမျှ အတန်းပေးဝေခြင်း စသည့်ကုသိုလ်တရားတို့ကို ပြုလုပ်ခဲ့ကြပြီး ကျောင်းတိုက်သို့ လာရောက်ကြသည့် ဗုဒ္ဓဘာသာဝင်တို့က ဆရာတော် အရှင်သူမြတ် လမ်းညွှန်ပြသသည့် ဘာဝနာတရားများကိုအေးချမ်းစွာပွားများအားထုတ်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**


**သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအား ပြန်လည်ကောက်ခံပေးသွားမည်**

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ (၁၅) ရက်နေ့အထိ ကောက်ယူခဲ့ပါသည်။
- အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်းပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများအား ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ဖုန်းနံပါတ် – ၀၆၇ – ၄၃၁၀၆၂၊ ၀၆၇ – ၄၃၁၃၅၉၊ ၀၆၇ – ၄၃၁၀၆၇၊ ၀၆၇ – ၄၃၁၃၃၉ သို့လည်း ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။ (ဗဟိုသန်းခေါင်စာရင်းကော်မရှင်)

# တောင်ငူ၌ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ (၆၃) ကြိမ်မြောက် သံဃမဟာပဝါရဏာပွဲတော်ကျင်းပ

**တောင်ငူ အောက်တိုဘာ ၁၇**

တောင်ငူမြို့ ကျက်သရေဆောင်သမိုင်းဝင်ရွှေဆံတော် စေတီတော်မြတ်ကြီး၏ (၆၃) ကြိမ်မြောက် သံဃမဟာပဝါရဏာပွဲတော်ကို ယနေ့ မွန်းလွဲပိုင်းက ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ကျင်းပသည်။

ဦးစွာ သမိုင်းဝင်ရွှေဆံတော် စေတီတော်မြတ်ကြီး၏(၆၃)ကြိမ်မြောက်သံဃမဟာပဝါရဏာပွဲတော်ကြီးတွင် ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ ဂန္ဓဝင်ကိုးခန်းသိမ်တော်ကြီးအတွင်း၌ ဆရာတော်၊ သံဃာတော်များက ပဝါရဏာပြုတော်မူကြပြီး အဆိုပါ ပဝါရဏာပြုတော်မူကြသည့် ဆရာတော်၊ သံဃာတော် ၃၇၉ ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်၏ ဦးဆောင်မှု၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီမံခန့်ခွဲမှုများဖြင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ရပ်ကွက်အသီးသီးတို့မှစုပေါင်း၍ လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ပဝါရဏာလောင်းလှူကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ အဆိုပါသမိုင်းဝင်ရွှေဆံတော် စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ညနေ ၆ နာရီတွင် ဆီမီးကိုးထောင် ထွန်းညှိပူဇော်ပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**





# ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကား

**ဇလွန် အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီး၌ သီတင်းကျွတ်ရုံးပိတ်ရက် အောက်တိုဘာ ၁၆ ရက်တွင် လျှပ်စစ်ရောင်စုံမီးများ၊ ဆီမီးများဖြင့် မီးထွန်းပူဇော်ရာ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိပြီး မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့မှစ၍ လပြည့်ကျော် ၁ ရက်နေ့အထိ လျှပ်စစ်ရောင်စုံမီးများ၊ ဆီမီးများဖြင့် မီးထွန်းပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ဝေယံ(ပြန်/ဆက်)**

# သီတင်းကျွတ်လပြည့်နေ့တွင် မြို့နယ်အသီးသီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေသည့်မြင်ကွင်း

မြန်မာနိုင်ငံအတွင်းရှိ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများသည် ယနေ့သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် တန်ခိုးကြီးဘုရားများ၌ ကုသိုလ်ဒါနပြုလုပ်နေသူများဖြင့် စည်ကားနေသည်ကို တွေ့ရသည်။



သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ တန်ခိုးကြီး ဘုရားစေတီများတွင် ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။ အောင်မျိုးသူ (ပြန်/ဆက်)




စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိ ရွှေစည်းခုံစေတီတော်မြတ်ကြီးနှင့် အခြားသော တန်ခိုးကြီး ဘုရားစေတီများတွင် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းမှစ၍ ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)



ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရားကြီးနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။ အောင်ကိုဦး(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်း ရှေးဟောင်းသမိုင်းဝင်စေတီပုထိုးများ၊ တန်ခိုးကြီးဘုရားများတွင် ကုသိုလ်လှူဒါန်းမှုများကို စတုဒိသာကျွေးမွေးခြင်းတို့ဖြင့် ဘုရားဖူးလာပြည်သူများအား တွေ့ရစဉ်။ အောင်ဝင်းနိုင်(ပြန်/ဆက်)



သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီတင်းဆောက်တည်သူများ၊ အထင်ကရဘုရားစေတီပုထိုးများနှင့် တန်ခိုးကြီးဘုရားများ၌ ဒေသခံဘုရားဖူး ပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။ ကျိုက်ထို (ပြန်/ဆက်)

# ဘားအံမြို့ သီရိကွင်း၌ သီတင်းကျွတ်လပြည့်နေ့အထိမ်းအမှတ် မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်



**ဘားအံ အောက်တိုဘာ ၁၇**

ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ သီတင်းကျွတ်လပြည့်နေ့ အထိမ်းအမှတ် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက ဘားအံမြို့ သီရိကွင်း၌ ကျင်းပရာ မီးပုံးပျံကြီး အလုံး ၃၀ ကို တပျော်တပါး စုပေါင်းလွှတ်တင်ပူဇော်ခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်များကို အစဉ်အလာမပျက် ဆင်နွှဲကျင်းပခြင်းအားဖြင့် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းသည့်ပုံရိပ်ကို ဖော်ကျူးသကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုလည်း ဖော်ကျူးထင်ဟပ်စေကြောင်း၊ မိမိတို့ ပြည်နယ်အတွင်း ကဏ္ဍအားလုံးတွင် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် နောက်နှစ်များတွင်လည်း ရိုးရာမီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို အစဉ်အလာမပျက် ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက မီးပုံးပျံလွှတ်တင်ပူဇော်ကြမည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအဖွဲ့ ၃၀ အား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မီးပုံးပျံလွှတ်တင်ပူဇော်နိုင်ကြောင်း မင်္ဂလာရွှေမောင်းကို တီးခတ်၍ အချက်ပေးရာ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များပါဝင်သော မီးပုံးပျံလွှတ်တင်ပူဇော်ရေးအဖွဲ့များက အောက်ခြေအချင်း ခြောက်ပေ၊ အမြင့်ပေ ၄၀ နှင့် အထက်ရှိသော မီးပုံးပျံကြီး အလုံး ၃၀ ကို အိုးစည်ဗုံမောင်းများ၊ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှု အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လွှတ်တင်ပူဇော်ကြသကဲ့သို့ ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကလည်း မီးပုံးပျံအသေးအလုံး ၁၀၀ တို့ကို လွှတ်တင်ပူဇော်ကြသည်။

ထိုသို့ မီးပုံးပျံများ လွှတ်တင်ပူဇော်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည် ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ကရင်ပြည်နယ်အတွင်း သီတင်းသုံးတော်မူကြသော ထေရ်ကြီးဝါကြီးဆရာတော်ကြီးများအား ဝါကျွတ်ကာလပူဇော်ကန်တော့ပွဲ မင်္ဂလာအခမ်းအနားကို သီတင်းကျွတ်လပြည့် နံနက် ၉ နာရီခွဲက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ဖူးမြော်ကြည်ညို၍ ပူဇော်ကန်တော့ကြသည်။

အဆိုပါအခမ်းအနားသို့ ဇွဲကပင်တောင်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓမ္မကထိကဗဟုဇန ဟိတဓရဘဒ္ဒန္တကဝိဓဇ အမှူးပြုသော ပြည်နယ်အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီး ၁၁ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းတို့က ဇွဲကပင်တောင်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓမ္မကထိကဗဟုဇန ဟိတဓရဘဒ္ဒန္တကဝိဓဇ ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်အလှူရှင်များက ဆရာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကြွရောက်ချီးမြှင့်တော်မူကြသော ထေရ်ကြီး၊ ဝါကြီးဆရာတော်ကြီးများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော South–East Asia Crude Oil Pipeline Company Limited သည် မဒဲကျွန်းရေနံတင်ချဆိပ်ကမ်းသို့ ရေနံတင်သင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်ရန် ရေလမ်းကြောင်းအား ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ (Dredging Project) ကို Hopper Dredger, REEM ISLAND (Call Sign: V7OJ2) ရေယာဉ်ဖြင့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၁ ရက်မှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

Trailing Suction Hopper Dredger, REEM ISLAND ဖြင့် ရေလမ်းကြောင်းတူးဖော်ခြင်း လုပ်ငန်းများ (Dredging) ပြုလုပ်မည့် Coordinate များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်–

(က) **ရေလမ်းကြောင်းတူးဖော်မည့် area coordinate များ –**

| Point | Latitude | Longitude |
|---|---|---|
| A1 | 19° 26' 43.57" N | 93° 33' 15.43" E |
| A2 | 19° 26' 22.71" N | 93° 34' 42.43" E |
| A3 | 19° 26' 15.48" N | 93° 35' 03.12" E |
| A4 | 19° 26' 27.70" N | 93° 35' 06.38" E |
| A5 | 19° 26' 53.67" N | 93° 33' 18.12" E |
| B1 | 19° 28' 16.09" N | 93° 27' 40.10" E |
| B2 | 19° 27' 54.98" N | 93° 29' 8.16" E |
| B3 | 19° 28' 2.79" N | 93° 27' 37.80" E |
| B4 | 19° 27' 41.73" N | 93° 29' 5.94" E |
| C1 | 19° 29' 54.12" N | 93° 20' 50.51" E |
| C2 | 19° 29' 34.29" N | 93° 22' 12.65" E |
| C3 | 19° 29' 40.93" N | 93° 20' 46.99" E |
| C4 | 19° 29' 21.09" N | 93° 22' 10.16" E |

(ခ) **ရာသီဥတုဆိုးရွားပါက ခေတ္တနားခိုမည့် shelter area coordinate များ–**

| Point | Latitude | Longitude |
|---|---|---|
| NO. 1 | 19° 25' 21.2040" N | 93° 37' 05.7420" E |
| NO. 2 | 19° 23' 45.4641" N | 93° 39' 10.7779" E |
| NO. 3 | 19° 23' 43.9506" N | 93° 39' 36.6783" E |
| NO. 4 | 19° 23' 43.8978" N | 93° 39' 58.6483" E |

(ဂ) **အရေးပေါ်အခြေအနေတွင် ခေတ္တနားခိုမည့် shelter area coordinate များ လျာထားနေရာ(၁)–**

| Point | Latitude | Longitude |
|---|---|---|
| A | 19° 25' 08.8180" N | 93° 34' 40.8381" E |
| B | 19° 25' 03.1834" N | 93° 34' 39.6329" E |
| C | 19° 24' 55.1601" N | 93° 35' 09.1561" E |
| D | 19° 25' 07.4005" N | 93° 35' 09.0128" E |

(ဃ) **အရေးပေါ်အခြေအနေတွင် ခေတ္တနားခိုမည့် shelter area coordinate များ လျာထားနေရာ(၂)–**

| Point | Latitude | Longitude |
|---|---|---|
| A | 19° 24' 58.9947" N | 93° 35' 14.7660" E |
| B | 19° 24' 52.8627" N | 93° 35' 14.8818" E |
| C | 19° 24' 54.2140" N | 93° 35' 31.6016" E |
| D | 19° 24' 59.0975" N | 93° 35' 31.4619" E |

(c) **မြေသားစုပုံမည့်ဧရိယာ (Toss mud area) Coordinate များ –**

| Point | Latitude | Longitude |
|---|---|---|
| Center Point | 19° 32' 49.79" N | 93° 24' 51.39" E |

သို့ဖြစ်ပါ၍ မဒဲကျွန်းရေနံတင်ချဆိပ်ကမ်းသို့ ရေနံတင်သင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်ရန် ရေလမ်းကြောင်းအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ (Dredging Project) ကို Hopper Dredger, REEM ISLAND (Call Sign: V7OJ2) ရေယာဉ်ဖြင့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၁ ရက်မှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၅၀၀ မီတာပတ်လည်အတွင်းနှင့် ရာသီဥတုဘေးအန္တရာယ် ခိုလှုံမည့်နေရာ (Shelter Anchorage) ဧရိယာမှ ၂၅၀ မီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက်(Notice to Mariners) ထုတ်ပြန်ကြေညာထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation (Myanmar E&P)သည် ရွှေစီမံကိန်းတွင် Shwe Project Subsea System Inspection လုပ်ငန်းများအား MV. PTSC THAI BINH (Call Sign: 3WGN) ရေယာဉ်ဖြင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၂ ရက်မှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

Shwe Project Subsea System Inspection လုပ်ငန်းများဆောင်ရွက်မည့် ဧရိယာ အကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်သည် –

| Point | Latitude | Longitude |
|---|---|---|
| A | 19° 41' 35.448" N | 92° 33' 37.692" E |
| B | 19° 40' 24.384" N | 92° 32' 19.428" E |
| C | 19° 34' 36.804" N | 92° 35' 3.408" E |
| D | 19° 35' 20.22" N | 92° 36' 44.928" E |

ရွှေစီမံကိန်းတွင် Shwe Project Subsea System Inspection လုပ်ငန်းများအား MV. PTSC THAI BINH (Call Sign: 3WGN) ရေယာဉ်ဖြင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၂ ရက်မှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ ဧရိယာအကျယ်အဝန်းများမှ ၄ ကီလိုမီတာ ပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners)အား ထုတ်ပြန်ကြေညာထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ (၁၆) ကြိမ်မြောက် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

(၁၆) ကြိမ်မြောက် သီတင်းကျွတ်လပြည့်(အဘိဓမ္မာ အခါတော်နေ့) အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်တော်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော်လယ်ဝေး မြို့ ပေါက်မြိုင်ကျောင်းတိုက်ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ မဟာထေရ်မြတ်ကြီး အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝတ်ရွတ်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဘဒ္ဒန္တဇနိန္ဒ မဟာထေရ်မြတ်ကြီးထံမှ ဒေ့ပရိသတ်များက ကိုးပါး သီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြည်ညိုကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နေပြည်တော် ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက် ပဓာနနာယက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတ မဟာထေရ်မြတ်ကြီးထံမှ ဒေ့ပရိသတ်များက အနုမောဒနာ တရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နေပြည်တော် ကောင်စီဝင်များနှင့် တာဝန်ရှိသူများကဆရာတော်သံဃာတော်များအားနေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၊ အပန်းဖြေနေရာများ၌ အများပြည်သူများဖြင့် စည်ကား

**နေပြည်တော် အောက်တိုဘာ ၁၇**

သီတင်းကျွတ်လသည် မြန်မာ ရာသီ(၁၂) လတွင် သတ္တမမြောက် လဖြစ်ပြီး သီတင်းကျွတ်လပြည့် နေ့တွင် အဘိဓမ္မာတရားတော် အား မြတ်စွာဘုရားရှင် ဟောကြား ပြီးဆုံးသည့်နေ့ဖြစ်သည့်အတွက် အဘိဓမ္မာအခါတော်နေ့ဖြစ်သည့် အားလျော်စွာ သီတင်းကျွတ် လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့ အတွက် လေးနက်ထူးခြားသည့် နေ့ထူးနေ့မြတ် ရက်တစ်ရက် လည်း ဖြစ်သည်။





သီတင်းကျွတ်လပြည့်နေ့၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဇီဝိတဒါန ငါးနှင့်ငှက်လွှတ်ပွဲကျင်းပစဉ်။

သီတင်းကျွတ် လပြည့်နေ့ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာ ဝင်များအနေဖြင့် မြတ်စွာဘုရား ရှင်အား ရည်မှန်း၍ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ပရိတ်တရား တော်များ ရွတ်ပွားပူဇော်ခြင်း၊ သက်ကြီးရွယ်အိုများနှင့် မိဘ ဘိုးဘွားများအား ကန်တော့ခြင်း၊ ကုသိုလ်ဒါန သီလပွားများခြင်း၊ ဇီဝိတဒါန ငါး / ငှက်လွှတ်ခြင်း စသည့်သူတော်ကောင်း တရား များကို ကြိုးစားအားထုတ် ဆောင်ရွက်ကြလေ့ရှိသည့်အပြင် အထင်ကရနေရာများ၊ ပန်းခြံ များ၊ အပန်းဖြေနေရာများ၌လည်း အပန်းဖြေခြင်းတို့ဖြင့် အထူး စည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည် တော်ကောင်စီနယ်မြေရှိ ကမ္ဘာ ပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓ ရုပ်ပွားတော်များအနက် ဉာဏ် တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ် ကြီး၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံ စေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိရုပ်ရှင် တော်မြတ်ကြီးအပါအဝင် တိုင်း ဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ သံဃာ တော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ မိဘပြည်သူများက ဝါကျွတ်ကာလ အခါသမယအဖြစ် ဆီမီးများပူဇော်ခြင်းနှင့် ဖူးမြော် ကြည်ညိုခြင်းများဖြင့် ကုသိုလ် ယူခဲ့ကြသည်။ ယင်းအပြင် တိုင်း ဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့၍ ကျန်းမာ ရေး စောင့်ရှောက်ပေးခြင်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာ များနှင့် စတုဒိသာကျွေးမွေးခြင်း များ၊ မြန်မာ့ရိုးရာ အကအလှဖျော် ဖြေခြင်းများကိုလည်း မြန်မာ့ရိုးရာ ထုံးတမ်းအစဉ်လာများနှင့်အညီ ပြုလုပ်ခဲ့ကြသည်။

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးအပါ အဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ မြို့နယ်များမှ လမ်း များပေါ်တွင်လည်း ဘုရားဖူး ပြည်သူများ၊ အပန်းဖြေခရီး သွားရောက်သူများဖြင့် စည်ကား လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပန်းခြံများ၊ အပန်းဖြေ ဥယျာဉ်များ၌လည်း သီတင်းကျွတ် ရုံးပိတ်ရက် လာရောက်အပန်းဖြေ အနားယူ ကြသူများဖြင့် အထူးစည်ကား များပြားလျက်ရှိသည်။

ထို့အပြင် ကာကွယ်ရေးဦးစီး ချုပ်ရုံး (ကြည်း) ဝင်းအတွင်းရှိ လမ်းများနှင့် ပန်းအလှသစ်ပင်များ တွင် ရောင်စုံမီးအလှများ တပ်ဆင် ခြင်း၊ မီးရောင်စုံများ တပ်ဆင်ထား သည့်ပုံစံငယ်များဖြင့် မီးအလှများ ဆင်ယင်ထားသကဲ့သို့ နေပြည် တော်၊ ရေပန်းဥယျာဉ်တွင်လည်း ရောင်စုံမီးများ တပ်ဆင်ထားပြီး လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီး၌လည်း ဆီမီးပူဇော် ထွန်းညှိခြင်းများကို စည်ကား သိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ဥယျာဉ်၊ ပန်းခြံများနှင့် အများ ပြည်သူ အပန်းဖြေနေရာများတွင် လည်း ရောင်စုံမီးများဖြင့် မီးအလှ များ တပ်ဆင်ထားရှိကာ ပြည်သူ များ လာရောက်အနားယူအပန်း ဖြေလျက်ရှိကြကြောင်းနှင့် အလှ မီးထွန်းညှိခြင်း၊ ရောင်စုံမီးပုံးများ လွှတ်တင်ခြင်းတို့ကို ပျော်ရွှင်စွာ ဆောင်ရွက်ခဲ့ကြကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**





# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဝါတွင်းကာလ သံဃဒါန ဆွမ်းလောင်းလှူပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

ယနေ့သည် ၁၃၇၆ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းလောင်းလှူခြင်းများကို ပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများနှင့် ဝါဆိုသင်္ကန်းများကို သတ်မှတ်နေရာအသီးသီးမှ ဆက်ကပ်လောင်းလှူပူဇော်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**







## ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ရှိ သမိုင်းဝင်ငါးထပ်ကြီး မြတ်စွာဘုရားရုပ်ပွားတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့်နေ့ ဘုရားဖူးပြည်သူများဖြင့် စည်ကား

**ဖြူး အောက်တိုဘာ ၁၇**

၁၃၇၆ ခုနှစ် သီတင်းကျွတ်လ အဘိဓမ္မာအခါတော်နေ့ သီတင်းကျွတ်လပြည့်နေ့တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ရှိ သမိုင်းဝင် ငါးထပ်ကြီး မြတ်စွာဘုရား ရုပ်ပွားတော်မြတ်ကြီးတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ကညွတ်ကွင်းမြို့ရှိ ငါးထပ်ကြီး မြတ်စွာဘုရားရုပ်ပွားတော်မြတ်ကြီးအား မြေပိုင်ရှင် စက်သူဌေးကြီး ဦးဘိုးကြူး ဇနီးဒေါ်အင်တို့က ၁၉၁၁ ခုနှစ် မြန်မာကောဇာသက္ကရာဇ် ၁၂၇၂ နှစ်တွင် တည်ထားကိုးကွယ်ပြီး ယခုအခါတွင် ၁၀၃ နှစ် ရှိပြီဖြစ်ပေသည်။ ရုပ်ပွားတော်မြတ် ဘုရားကြီး၏ အတိုင်းအတာတော်မှာ အထိုင်ကိုယ်တော် အမြင့် ၃၂ တောင်၊ ၁၂ လက်မ၊ ပလ္လင်တော်အမြင့် လေးတောင်၊ အလျား ၃၂ တောင်၊ ၁၂ လက်မ၊ ဘုရားကြီးဂန္ဓကုဋိတိုက်ကြီးသည် အနံထုသုံးပေရှိ အလျား ၃၇ တောင်အညီအမျှ၊ အမြင့် ၃၆ တောင် ၁၂ လက်မ၊ လေးဘက်လေးတန် ဖူးမြော်နိုင်ရန် အောက်ခြေသုံးပေအုတ်စီ၍ အထက်ဘက်ပိုင်း သံယက်မ "ဂုံး"များဖြင့် ဆောင်ရွက်ထားကြောင်း ဘုရားကြီးဂေါပကအဖွဲ့မှ သိရသည်။

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ရှိ သမိုင်းဝင်ငါးထပ်ကြီး မြတ်စွာဘုရား ရုပ်ပွားတော်မြတ်ကြီးကို ယခုလို အခါကြီးရက်ကြီးနေ့ တစ်နေ့ဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့တွင် ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် စိတ်နှလုံးအေးချမ်းစွာ ဖူးမြော်ကြည်ညိုကြခြင်း ဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ဝ၆၇-၃၄ဝ၄၉၁၁၊ ဝ၆၇-၃၄ဝ၄၉၂၂၊ ဝ၆၇-၃၄ဝ၄၉၃၃၊ ဝ၆၇-၃၄ဝ၄၉၄၄၊ ဝ၆၇-၃၄ဝ၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ဝ၉-၂၅၅ဝဝ၂၅ဝ၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ဝ၆၇-၄၅၅ဝ၄၈၈၊ ဝ၆၇-၄၅၅ဝ၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ဝ၉-၂၅၅ဝဝ၂၅ဝ၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ဝ၇၁- ၂ဝ၃၂ဝ၉၁၊ ဝ၇၁- ၂ဝ၃၂ဝ၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ဝ၉-၂၅၅ဝဝ၂၅ဝ၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ဝ၅၉- ၂ဝ၂၄ဝ၃၇၊ ဝ၅၉- ၂ဝ၂၄ဝ၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ဝ၉-၂၅၅ဝဝ၂၅ဝ၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ဝ၅၂- ၂၂ဝ၁၉၃၉၊ ဝ၅၂- ၂၂ဝ၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ဝ၉-၂၅၅ဝဝ၂၅ဝ၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ဝ၆၃-၂ဝ၂၈၈၇၈၊ ဝ၆၃- ၂ဝ၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ဝ၉-၂၅၅ဝဝ၂၅၁ဝ

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ဝ၂- ၄ဝ၂၁၂၄၅၊ ဝ၂- ၄ဝ၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ဝ၉- ၂၅၅ဝဝ၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ဝ၅၇ - ၂ဝ၂၇၉၃၅၊ ဝ၅၇- ၂ဝ၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ဝ၉-၂၅၅ဝဝ၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ဝ၉- ၂၅၅ဝဝ၂၅၁၇၊ ဝ၉- ၂၅၅ဝဝ၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ဝ၉-၂၅၅ဝဝ၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ဝ၁- ၈၃ဝဝဝ၁၆၊ ဝ၁- ၈၃ဝဝဝ၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ဝ၉-၂၅၅ဝဝ၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ဝ၈၁- ၂၁၂၄၅၄ဝ၊ ဝ၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ဝ၉-၂၅၅ဝဝ၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ဝ၄၂- ၂ဝ၂၅၉၉၃၊ ဝ၄၂- ၂ဝ၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ဝ၉-၂၅၅ဝဝ၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပဲခူးမြို့ သံဃမဟာပဝါရဏာပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ လောင်းလှူပူဇော်ကြည်ညို

**ပဲခူး အောက်တိုဘာ ၁၇**
ပဲခူးမြို့ သံဃမဟာပဝါရဏာပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ သီတင်းကျွတ်လပြည့်နေ့၊ အောက်တိုဘာ ၁၇ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့ ရွှေမော်ဓောဘုရားတောင်ဘက်မုခ်ရှိ မဟာသီဝလိသိမ်တော်၊ ကြခတ်ဝိုင်းကျောင်းတိုက်သိမ်တော်၊ မဟာကလျာဏီသိမ်တော်နှင့် ကမ္မဋ္ဌာန်းကျောင်းတိုက်သိမ်တော် စသည့်နေရာ များတွင် သံဃဂိုဏ်းအလိုက် ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီးတို့ လောင်းလှူပူဇော်ကြည်ညိုခဲ့ကြသည်။(ယာပုံ)



သံဃမဟာပဝါရဏာပွဲတော်အား ရွှေမော်ဓောဘုရား တောင်ဘက်မုခ်ရှိမဟာသီဝလိသိမ်တော်ကြီး၌ ပဲခူးမြို့ မြို့မစာသင်တိုက်ဆရာတော် ဦးဆောင်၍ သုဓမ္မာဂိုဏ်းဝင်ကျောင်းပေါင်း ၃၆၅ ကျောင်းမှ သံဃာတော်၂၉၆၇ ပါးတို့က (၁၀၃၃)ကြိမ်မြောက် ပဝါရဏာပြုပွဲကိုလည်းကောင်း၊ ကြခတ်ဝိုင်းကျောင်းတိုက်သိမ်တော်ကြီးတွင် ကြခတ်ဝိုင်းကျောင်းတိုက်ဆရာတော်ကြီးကဦးဆောင်၍ ရွှေကျင်ဂိုဏ်းဝင် ကျောင်းပေါင်း ၂၀၅ ကျောင်းမှ သံဃာတော်အပါး ၁၃၂၉ ပါးမှ (၁၆၁)ကြိမ်မြောက် ပဝါရဏာပြုပွဲကိုလည်းကောင်း၊ မဟာကလျာဏီသိမ်တော်ကြီးတွင် သာသနဉ္စမဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်ကြီးမှဦးဆောင်၍ ရွှေကျင်ဂိုဏ်းဝင် ကျောင်းပေါင်း ၃၈ ကျောင်းမှ သံဃာတော် ၄၄၁ ပါးတို့က (၁၄၃)ကြိမ်မြောက် ပဝါရဏာပြုပွဲကိုလည်းကောင်း၊ ကမ္မဋ္ဌာန်းကျောင်းတိုက်သိမ်တော်ကြီးတွင် ကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော်ကြီးကဦးဆောင်၍ မဟာဒွါရဂိုဏ်းဝင် ကျောင်းပေါင်း ၁၃ ကျောင်းမှ သံဃာတော် ၈၅ ပါးတို့က (၄)ကြိမ်မြောက် ပဝါရဏာပြုပွဲကို သက်ဆိုင်ရာဂိုဏ်းဝင် ဆရာတော်များမှ နေရာခွဲ၍ ပဝါရဏာပြုတော်မူကြကြောင်း သိရသည်။

သံဃမဟာပဝါရဏာပြုတော်မူကြသည့် ရဟန်းသံဃာများအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်ဒေါ်လွင်လွင်အေးကျော်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တပ်ရင်း/တပ်ဖွဲ့မိသားစုများ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်၊ အလှူရှင်များက နဝကမ္မအလှူငွေများ၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်တော်များ လောင်းလှူခဲ့ကြကြောင်း သိရသည်။

သီတင်းကျွတ်လပြည့်နေ့၊ (အဘိဓမ္မာအခါတော်နေ့) ၌ ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၊ ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီး၊ ကျိုက်ပွန်လေးမျက်နှာဘုရား၊ မဟာစေတီတော်မြတ်ကြီး၊ ရွှေဂူလေးဘုရား၊ ရွှေဂူကြီးဘုရား၊ ကျိုက်ပညာယျစေတီတော်မြတ်ကြီး စသည့် ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီများတွင် ဘုရားဖူးလာပြည်သူများနှင့် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)အခမ်းအနားကျင်းပ

**သံဖြူဇရပ် အောက်တိုဘာ ၁၇**
မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်မြတ် ဘုရားကြီး သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျိုက္ခမီရေလယ်ဆံတော်ရှင်မြတ် ဘုရားကြီး သာသနဉ္စဗိမာန်ခန်းမဆောင်၌ကျင်းပသည်။




ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး အေးရိပ်သာမဟာစည် မန္တလေးကျောင်းတိုက် ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဝိသုတာစာရထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်ကြီးများက မေတ္တာသုတ်ပရိတ်တရားတော်ဖြင့်ချီးမြှင့်ကာ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုအစုစုတို့ကို မွန်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦး၊ သံဖြူဇရပ် တပ်နယ်မှူး ဗိုလ်မှူးချုပ်ထွန်းနိုင်ဦးနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့နှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်ချအမျှဝေပြီး အခမ်းအနားကိုဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ် လပြည့်နေ့မှစ၍ လပြည့်ကျော် ၅ ရက်နေ့အထိ နှစ်စဉ်ကျင်းပပေးပြီး လပြည့်နေ့နံနက်တွင် ဆွမ်းအိုးမှောက်ပွဲပြုလုပ်ကာ လပြည့်ကျော် ၅ ရက်အထိ ဇာတ်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် အနယ်နယ်အရပ်ရပ်မှ ဘုရားပွဲလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တွံတေး၌ သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**တွံတေး အောက်တိုဘာ ၁၇**
ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဆံတော်ခြောက်ဆူကိန်းဝပ်တော်မူသော သမိုင်းဝင်ရွှေဆံတော် စေတီတော်မြတ်ကြီးတွင် သာသနာတော်သက္ကရာဇ် ၂၅၆၈ ခုနှစ် (၇၆) နှစ်မြောက် ၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)ကို နံနက် ၉ နာရီတွင် မြို့ပေါ်ရှိရပ်ကွက်ရှိ ဘာသာရေး ဝတ်အသင်းများက အဘိဓမ္မာ ဒေသနာတော်များ ရွတ်ဖတ်ပူဇော်ကြပြီး မွန်းတည့် ၁၂နာရီတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို တွံတေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရွှေဆံတော်ဂေါပကအဖွဲ့တို့က ကြီးမှူး၍ မြို့နယ်အတွင်းရှိ အရဏ်ဆွမ်းကြွသော ဘုန်းတော်ကြီးကျောင်း ၈၁ ကျောင်းမှ သံဃာတော်အရှင်သူမြတ် အပါး ၇၆၅ ပါးတို့အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးညွန့်နွယ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ ဌာနဆိုင်ရာများ၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦး၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့ပေါ်(၈) ရပ်ကွက်နှင့် ကျေးရွာများမှ စေတနာရှင်ပြည်သူများက ဆွမ်းဆန်စိမ်း လောင်းလှူခြင်းဖြင့် သီတင်းကျွတ် လပြည့်နေ့တွင် ကုသိုလ်ဒါနပြုကြသူများ၊ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**တွံတေးသား**






# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဗိုလ်တထောင်ဘိုးဘိုးကြီးအား ရွှေဥသျှောင်တော်လှူဒါန်းပူဇော်ခြင်းနှင့် စတုဒိသာလှူဒါန်းခြင်းအခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၇**
ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဗိုလ်တထောင်ဘိုးဘိုးကြီးအား ရွှေဥသျှောင်တော်လှူဒါန်းပူဇော်ခြင်းနှင့် စတုဒိသာလှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲက ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရှိ နန်းဦးဘုရားကြီးတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာအခမ်းအနားကို "နမောတဿ" ပဏာမ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်၍ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ဩဝါဒါစရိယ၊ ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဒွိပိဋကဓရ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိ ဆရာတော်အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး အလှူရှင်မိသားစုမှ ရွှေဥသျှောင်တော်ကို ဆရာတော်များအား ဆက်ကပ်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်ခြင်း၊ ဆရာတော်သံဃာတော် အရှင်သူမြတ်များအား အလှူရှင်မိသားစုက လှူဖွယ်ဝတ္ထုဆက်ကပ်လှူဒါန်းခြင်းများဆောင်ရွက်ကြသည်။ ထို့နောက် ဆရာတော်ထံမှအနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေခဲ့ကြကာ ဆရာတော် သံဃာတော် အရှင်သူမြတ်များက ရွှေဥသျှောင်တော်အား အမွှေးနံ့သာရည်ပက်ဖျန်းပေးခဲ့သည်။

ဆက်လက်၍ ရွှေဥသျှောင်ပင့်ဆောင်ခြင်းနှင့် အလှူရှင်မိသားစုက ဗိုလ်တထောင်ဘိုးဘိုးကြီးအား ကန်တော့ပွဲ ဆက်ကပ်၍ ဝတ်လဲတော်လဲကုသိုလ်ယူခြင်း၊ ရွှေဥသျှောင်တော်ပူဇော်လှူဒါန်းခြင်းနှင့် အောင်ဂါထာတော်များ ရွတ်ပွားပူဇော်၍ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို အောင်မြင်ပြီးမြောက်၍ အလှူရှင်မိသားစုက ရတနာရွှေမိုးငွေမိုးရွာသွန်းပေးခဲ့ကြကြောင်း သိရသည်။

**အောင်ကျော်(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီး မုံရွာတက္ကသိုလ်ကျောင်းဝင်းအတွင်းရှိ ဆုတောင်းပြည့်စေတီတော်မြတ် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနားကျင်းပ

**မုံရွာ အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာတက္ကသိုလ်ကျောင်းဝင်း အတွင်းရှိ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျောင်းဝင်းအတွင်းရှိ စေတီတော်ကြီး ပရိဝုဏ်အတွင်း၌ ကျင်းပသည်။

ဦးစွာ "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ကြပြီး မုံရွာမြို့ အုတ်ကန်တောရပရိယတ္တိစာသင်တိုက်၊ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိက ဆရာတော်ကြီးထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်များက ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ကြပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်များက ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဧည့်ပရိသတ်များက နာယူကြည်ညိုကြသည်။

ဆက်လက်၍ ပင့်သံဃာဆရာတော်ကြီးများထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ဇနီးများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအတွက် အလှူငွေကျပ် ၈၅၉၈၀၀၀ ကို မုံရွာတက္ကသိုလ်ခေတ္တပါမောက္ခချုပ်ထံ ပေးအပ်လှူဒါန်းကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များထံ ခေတ္တပါမောက္ခချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် မုံရွာမြို့ မဟာဇောတိကာရာမ ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇောဒယ ဆရာတော်ကြီးထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြည်ညိုပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု"သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြပြီး ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာတက္ကသိုလ် ကျောင်းဝင်း အတွင်းရှိ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်နိုင်ရန်အတွက် ရင်ပြင်တော်ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်ရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကယားပြည်နယ်အစိုးရအဖွဲ့၏ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) ဆွမ်းဆန်တော်၊ ဆီ၊ ပဲ ဆက်ကပ်လှူဒါန်းပွဲကျင်းပ

**လွိုင်ကော် အောက်တိုဘာ ၁၇**

ကယားပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) နေ့ဆွမ်းဆက်ကပ်ခြင်းနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက်က လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ တက်ရောက်လာသူများက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် ပြည်နယ်သြဝါဒါစရိယ သီရိမင်္ဂလာပုံဟော်ကြီး ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာထံမှငါးပါးသီလခံယူပြီး ကြွရောက်လာသော သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ချီးမြှင့်ရွတ်ဖတ်ပူဇော်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် ပြည်နယ်အစိုးရ အဖွဲ့ဝင်များက ကြွရောက်လာကြသည့် သံဃာတော်အရှင်သူမြတ်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(ယာပုံ)** ထို့နောက် ပြည်နယ် သံဃနာယကအဖွဲ့၊ အကျိုးတော်ဆောင် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီဟနန္ဒထံမှ ရေစက်သွန်းချတရားတော်နာယူခဲ့ကြပြီး နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယနေ့ လှူဒါန်းပွဲတွင် ပြည်နယ်အစိုးရအဖွဲ့မှ လွိုင်ကော်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း ၆၉ ကျောင်းရှိ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၃၁၆ ပါးတို့အတွက် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၆၂၅၉၀၀၀ တန်ဖိုးရှိ ဆွမ်းဆန်တော်၊ ဆီ၊ ပဲများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။



ယနေ့ အဘိဓမ္မာအခါတော်နေ့တွင် ညနေပိုင်းမှစ၍ လွိုင်ကော်မြို့ သမိုင်းဝင်မြို့နာမ်စေတီတော်မြတ်၌ ဆီမီး ၁၀၀၀၀ ပူဇော်ခြင်း၊ ဧည့်ပရိသတ်များအား စတုဒိသာများ ကျွေးမွေးခြင်းနှင့် မီးပုံးပျံများ လွှတ်တင်ခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး သီရိမင်္ဂလာတောင်ကွဲ စေတီတော်မြတ်နှင့် စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ဘုရားဖူးလာရောက်ကြသူများ၊ ဥပုသ်သီလ ဆောက်တည်ကြသူများနှင့် ကောင်းမှုကုသိုလ်ပြုသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## သထုံမြို့၌ (၃၂)ကြိမ်မြောက် ဂိုဏ်းပေါင်းစုံ သံဃမဟာပဝါရဏာပွဲနှင့် ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်များ စုပေါင်းလောင်းလှူပွဲ ကျင်းပ

**သထုံ အောက်တိုဘာ ၁၇**

မွန်ပြည်နယ် သထုံမြို့နယ်၌ ဂိုဏ်းပေါင်းစုံဆရာတော်ကြီးများ ကြီးမှူး၍ ကျောင်းတိုက်အသီးသီးတို့မှ ဂိုဏ်းပေါင်းစုံ သံဃာတော်များ သံဃမဟာပဝါရဏာပြုပွဲနှင့် ပဝါရဏာပြု သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်များ စုပေါင်းလောင်းလှူခြင်းကို သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) မွန်းလွဲပိုင်းက လေးဆူဓာတ်စုံ ရွှေစာရံစေတီတော် တောင်ဘက်မုခ်အနီးရှိ ကလျာဏီသိမ်တော်ကြီး၌ ပြုလုပ်သည်။



သံဃပဝါရဏာ ပြုပွဲတွင် မြို့နယ်သံဃာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသူရိယ အရှင်သူမြတ်မှဦးဆောင်၍ သံဃာတော်အပေါင်းက နမောတဿသုံးကြိမ်ရွတ်ဆို၍ဖွင့်လှစ်ခြင်း၊ ပဝါရဏာပြုသံဃာအရေအတွက် ဖတ်ကြားခြင်း၊ ပဝါရဏာအမေးအဖြေပြုခြင်း၊ ဝါစဉ်အလိုက် သံဃပဝါရဏာပြုခြင်း၊ မေတ္တာသုတ်ပရိတ်တရားတော်များ ပွားများပူဇော်ခြင်း၊ ထေရ်ကြီးဝါကြီး ဆရာတော် သံဃာတော် အရှင်သူမြတ်များအား စုပေါင်းပူဇော်ကန်တော့ကြပြီး ဆရာတော်ကြီးများထံမှ ဂိုဏ်းပေါင်းစုံ သံဃာတော်များက အဆုံးအမသြဝါဒများ ခံယူခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

ယင်းနောက် ပဝါရဏာပြုတော်မူကြသည့် သံဃာတော်များအား သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ မြို့သူမြို့သား စေတနာရှင် အလှူရှင်များစုပေါင်းကာ စာရေးတံမဲများ ဆက်ကပ်ခြင်း၊ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်များ စုပေါင်းလောင်းလှူပူဇော်ခြင်းတို့ကို တပျော်တပါး ပြုလုပ်ခဲ့ကြသည်။

အဆိုပါ မဟာပဝါရဏာပြုရာသို့ သထုံမြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးတို့၌ ဝါဆိုဝါကပ်တော်မူခဲ့ကြသည့် ဂိုဏ်းပေါင်းစုံသံဃာတော်အရှင်သူမြတ် စုစုပေါင်း အပါး ၇၀၀ တက်ရောက် ပဝါရဏာ ပြုတော်မူခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၇**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင ဖြစ်ထွန်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# သီတင်းကျွတ်ရုံးပိတ်ရက်ကာလ ချောင်းသာကမ်းခြေ၌ အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ

**ချောင်းသာ အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့သို့ သီတင်းကျွတ် ရုံးပိတ်ရက် ကာလတွင် ခရီးသွားဧည့်သည် ဝင်ရောက်မှုများပြားလျက်ရှိရာ အောက်တိုဘာ ၁၇ ရက် သီတင်းကျွတ်လပြည့်နေ့၌ ချောင်းသာကမ်းခြေတစ်လျှောက်တွင် အပမ်းဖြေသူ၊ ရေကူးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ချောင်းသာမြို့သို့ဝင်ရောက်လာသည့် ခရီးသွားဧည့်သည်များသည် ချောင်းသာကမ်းခြေအပြင် ဖိုးကလားကျွန်း၊ သဲဖြူကျွန်းတို့သို့ စက်လှေ၊ မော်တော်ဘုတ်များ၊ ကျောက်မောင်နှစ်မသို့ ကား၊ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်များဖြင့် သွားရောက်လည်ပတ်မှုများ အပြင် ဒေသထွက်အစားအစာ၊ အမှတ်တရပစ္စည်းရောင်းချရာနေ တို့တွင်လည်း လှေလာကြည့်ရှုသူ၊ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိကြောင်းသိရသည်။

ချောင်းသာ ကမ်းခြေသို့ လာရောက် လည်ပတ်သူများ စိတ်အေးချမ်း ပျော်ရွှင်စွာအနားယူနိုင်ရန်၊ လုံခြုံမှုရှိစေရန်၊ ကမ်းခြေ သန့်ရှင်းသာယာလှပရန်၊ ကမ်းခြေတွင် ဈေးရောင်းချသည့် ဈေးသည်များ သတ်မှတ်စည်းကမ်းများနှင့်အညီ ရောင်းချစေရန်၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရန်တို့အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟအောင် ဦးဆောင်ပြီး ဌာနဆိုင်ရာနှင့်ဒေသခံပြည်သူများ ပါဝင်သော ပူးပေါင်းအဖွဲ့များက ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**






# ခရမ်းမြို့နယ် ကျုံကန်ကျေးရွာ၌ VDPစီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**ခရမ်း အောက်တိုဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျုံကန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားနိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ ကျုံကန်ကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါလမ်းသည် အရှည်ပေ ၇၀၀၊ အကျယ် ခုနစ်ပေ၊ ထုခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်း ရန်ပုံငွေကျပ်သိန်း ၁၈၀ ကိုအသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလအတွင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းအားလုံး၏ ၃၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**



❁ *ကျောဖုံးမှ*

လည်းအတူတူပါပဲ။ မနှစ်ကထက် ခရီးသွား ဝင်ရောက်တဲ့အတွက် ဈေးသည်အစ ခရီးသွားလမ်းညွှန်အဆုံး ကြည်နူးဝမ်းသာရှိနေကြပါတယ်။ ခရီးသွားဧည့်သည်အပေါင်း သွားလမ်းသာပြီး လာလမ်းဖြောင့်ကြပါစေ၊ ကုသိုလ်ထူးများလည်း ရရှိကြပါစေလို့ ပုဂံသူ ပုဂံသားများကိုယ်စား ဆုတောင်းမေတ္တာပို့ပါတယ်” ဟု ထီးလိုမင်းလိုဘုရားမှ အတွင်းရေးမှူး ဦးတင်လှဦးက ပြောသည်။

အဘိဓမ္မာအခါတော်နေ့တွင် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် ဘုရား၊ ပုထိုးစေတီနှင့် သာသနာ့နယ်မြေတို့၌ ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်လှူခြင်း၊ အဘိုး အဘွားနှင့် မိဘများကို ကန်တော့ခြင်း၊ ညပိုင်းတွင် မြတ်ဗုဒ္ဓအား ဆီမီး ထွန်းညှိပူဇော်ခြင်းတို့ဖြင့် ကုသိုလ်ယူကြလျက်ရှိသည်။ နေ့ထူးနေ့မြတ် ဘာသာရေးပွဲတော်နေ့တွင် ပုဂံဒေသရှိ အထင်ကရဘုရားစေတီများဖြစ်သည့် ရွှေစည်းခုံ၊ အာနန္ဒာ၊ အလိုတော်ပြည့်၊ သဗ္ဗညု၊ ထီးလိုမင်းလို၊ ကန်တော့ပလ္လင်၊ ငှက်ပစ်တောင်၊ ဖူးဘုရား၊ မဟာဗောဓိ၊ စူဠာမဏိ၊ ဓမ္မရံကြီး၊ ရွှေဆံတော်၊ မနူဟာ၊ မြစေတီ၊ လောကနန္ဒာ၊ဓမ္မရာဇက၊ စွယ်တော်ဘုရား၊ ပြသဒ်ကြီးဘုရားတို့တွင် ဘုရားဖူးခရီးသွားများဖြင့် အထူးစည်ကားခဲ့သည်။

ပုဂံဒေသရှိ အထင်ကရ ဘုရားစေတီတော်တို့၌ လပြည့်နေ့နံနက် ၄ နာရီမှစတင်ပြီး ဆွမ်း၊ ပန်း၊ ရေချမ်းများကပ်လှူပူဇော်ကြပြီး ညနေ ၆ နာရီမှစတင်၍ ဆီမီးများ ထွန်းညှိပူဇော်ကြသည်။ ယမန်နှစ် သီတင်းကျွတ်လပြည့်နေ့တွင် ခရီးသွားတစ်သိန်းခန့်ဝင်ရောက်ခဲ့ပြီး ယခုနှစ် သီတင်းကျွတ်လပြည့်နေ့၌ ခရီးသွား နှစ်သိန်းခန့် ဝင်ရောက်ကုသိုလ်ယူခဲ့ကြကြောင်း သိရသည်။ **ညိမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ – ကနူး**

❍ *ကျောဖုံးမှ*

ဘာရိန်း၊ ပါလက်စတိုင်း၊ အီရတ်၊ အုပ်စု (B) တွင် အင်ဒိုနီးရှား၊ ဟောင်ကောင်၊ ပါကစ္စတန်၊ အိန္ဒိယ၊ ကာဂျစ္စတန်၊ အုပ်စု (C) တွင် ဥဇဘက်ကစ္စတန်၊ တာ့ခ်မင်နစ္စတန်၊ ဩစတြေးလျ၊ ဖိလစ်ပိုင်၊ ကူဝိတ်၊ အုပ်စု (D) တွင် ဗီယက်နမ်၊ တရုတ်(တိုင်ပေ)၊ မကာအိုနှင့် မြန်မာအသင်းတို့ ပါဝင်နေသည်။ ခြေစစ်ပွဲကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုလေးခုမှ ထိပ်ဆုံးနှစ်သင်းစီနှင့် တတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်း ကိုးသင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ၂၀၂၅ အာရှဖလား အမျိုးသမီးဖူဆယ်ပြိုင်ပွဲ နောက်ဆုံးအဆင့်ကို အသင်းစုစုပေါင်း ၁၂ သင်းဖြင့် ၂၀၂၅ ခုနှစ် မေလတွင် ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်တရုတ်အပါအဝင် ၂၀၁၈ ပြိုင်ပွဲ ချန်ပီယံ အီရန်အသင်းနှင့် ဒုတိယဆုရ ဂျပန်အသင်းတို့မှာ ခြေစစ်ပွဲကစားစရာမလိုဘဲ တိုက်ရိုက်ကစားခွင့်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် အာရှဖလားဖူဆယ်ခြေစစ်ပွဲအပါအဝင် နိုဝင်ဘာတွင် ယှဉ်ပြိုင်ရမည့် အာဆီယံဖူဆယ်ပြိုင်ပွဲအတွက် တစ်ပေါင်းတည်း လေ့ကျင့်ပြင်ဆင်နေပြီး နည်းပြချုပ် ဦးဌေးမြင့်က ကိုင်တွယ်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းကို ပဏာမကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းထားသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ–MFF**

# လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၁၇**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်း၌ ၂၀–၁၀–၂၀၂၄ ရက်နေ့တွင် လေဖိအားနည်းဆဲလ်တစ်ခု ဖြစ်ပေါ်နိုင်ပြီး အနောက်– အနောက်မြောက်ဘက်သို့ရွေ့လျား၍ ပိုမိုအားကောင်းလာနိုင်ကာ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်း၌ ၂၂–၁၀–၂၀၂၄ ရက်နေ့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

❑ *ကျောဖုံးမှ*

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများ နှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများ အနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်း လောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# သထုံမြို့ရှိ သမိုင်းဝင်ရွှေစာရံစေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့်နေ့၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

**သထုံ အောက်တိုဘာ ၁၇**

မွန်ပြည်နယ် သထုံမြို့ရှိ သမိုင်းဝင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)၌ ကုသိုလ်ဒါနပြုသူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

စေတီတော်မြတ်ကြီးသည် ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီးဘေး၌ တည်ရှိသဖြင့် အလွယ်တကူ ဝင်ရောက်ဖူးမြော်နိုင်ရာ အများပြည်သူ ပိတ်ရက်ကာလ ကျိုက်ထီးရိုး၊ ကျိုက္ခမီ၊ စက်စဲ အစရှိသည့် အောက်မြန်မာပြည်ဘုရားဖူး အပန်းဖြေခရီးထွက်သူအများစုတို့ ခရီးတစ်ထောက်နား ဝင်ရောက်ဖူးမြော်လေ့ရှိပြီး မြို့၏ အထင်ကရစေတီလည်း ဖြစ်သည့်အလျောက် ယခုကဲ့သို့ ဝါလကင်းလွတ် သီတင်းကျွတ်ကာလတွင် ဒေသခံအပေါင်းတို့က မိသားစုအလိုက် လာရောက်ဖူးမြော်ကုသိုလ်ပြုလေ့ရှိသောကြောင့် အထူးစည်ကားသည်။



သမိုင်းမှတ်တမ်းများအရ သထုံရွှေစာရံစေတီတော်မြတ်ကြီးမှာ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကာလ မဟာသက္ကရာဇ် ၁၁၁ ခုနှစ် သူရိယစန္ဒာမင်းကြီးလက်ထက်၌ တည်ထားကိုးကွယ်ခဲ့ပြီး ကကုသန်ဘုရားရှင်၏ ဆံတော်ရှစ်ဆူ၊ ကောဏာဂုံဘုရားရှင်၏ တောင်ဝှေးတော်၊ ကဿပဘုရားရှင်၏ မြသပိတ်တော်နှင့် ဂေါတမဘုရားရှင်၏ သွားတော်လေးဆူတို့ဖြင့် ဘုရားရှင်လေးဆူတို့၏ ဓာတ်တော်မွေတော်များကို ဌာပနာသွင်းပူဇော်ထားသောကြောင့် လေးဆူဓာတ်စံ ရွှေစာရံစေတီဟူ၍ အနယ်နယ်အရပ်ရပ်၌ ထင်ရှားကျော်ကြားသော စေတီတစ်ဆူဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားသည့် အဘိဓမ္မာအခါတော်နေ့ဖြစ်သည့်အလျောက် ရွှေစာရံစေတီတော်အပါဝင် သထုံမြို့နယ်အတွင်းရှိ ဘုရားကျောင်းကန်အသီးသီးတို့၌ အဘိဓမ္မာအခါတော်နေ့ပူဇော်ပွဲ၊ တရားသဘင်ဆင်ယင်ကျင်းပခြင်း၊ ဘုရားရှင်အား ဆီးမီး၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ ရွှေသင်္ကန်းတော်များကပ်လှူပူဇော်ခြင်း၊ ဇီဝိတဒါန ငါးလွှတ်ခြင်း၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာကုသိုလ်ပြုကြသူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်)နေ့တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)ရုံး ခန်းမဆောင်၌ မြတ်စွာဘုရားရှင်အား ဆွမ်းတော်ဆက်ကပ်ပွဲကို ကျင်းပရာ ဗဟိုဥက္ကဋ္ဌ ဦးရဲထွန်းနှင့် ဗဟိုမှတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ တာဝန်ရှိသူများက ကပ်လှူကြပြီး မေတ္တာသုတ်နှင့် ပဋ္ဌာန်းကျမ်းတော်မြတ်ကြီးကို စုပေါင်းရွတ်ဖတ်ပူဇော်စဉ်။**

သတင်းစဉ်



**ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဈေးကုန်းပရိယတ္တိစာသင်တိုက်အတွင်းရှိ သမိုင်းဝင်ရှစ်မျက်နှာစေတီတော်မြတ်ကြီး၌ နှစ်စဉ်ကျင်းပပူဇော်မြဲဖြစ်သော ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ပွဲကို အောက်တိုဘာ ၁၆ ရက်မှ ၁၈ ရက်အထိ စာသင်တိုက်ဦးစီးပဓာနကဆရာတော် ဦးဆောင်ပြီး ဝတ်အသင်းအဖွဲ့များ၊ ရပ်ကွက်အသီးသီးမှ ဓမ္မမိတ်ဆွေများက စုပေါင်းထွန်းညှိပူဇော်စဉ်။**

ဉာဏ်လင်း

# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ MSME ထုတ်ကုန် သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော် ဆက်လက်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၇**

သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပလျက်ရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ (ယာပုံ)

အဆိုပါ ဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၁၆ ရက်မှ ၁၈ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ ကျင်းပသွားမည်ဖြစ်ရာ စက်မှုထုတ်ကုန်နှင့် ရေထွက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၊ MSME လုပ်ငန်းရှင်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ စက်မှုထုတ်ကုန်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဒေသထွက် ကုန်ပစ္စည်းများနှင့် အစားအစာ အရောင်းဆိုင်များ၊ စားသောက်ဆိုင်ခန်းများ အပါအဝင် ဈေးဆိုင်ခန်းပေါင်း ၄၈၃ ခန်းဖြင့် ရောင်းချပေးလျက်ရှိပြီး အထူးအစီအစဉ်အဖြစ် ရွှေ့လျားယာဉ်များဖြင့် ဆန်၊ ဆီ၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များ၊ အခြေခံစားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးမည်ဖြစ်သည်။



ပွဲတော်ရက်များအတွင်း အလှူရှင်များ၏ နေ့စဉ် စတုဒိသာကျွေးမွေးခြင်းများ၊ ရုပ်ရှင်၊ သဘင်နှင့် ဂီတနယ်ပယ်မှ ကျော်ကြားလျက်ရှိသော အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှု ခံစားနိုင်မည်ဖြစ်ပြီး ပွဲတော်လာပြည်သူများ သွားလာရေး အဆင်ပြေလွယ်ကူစေရန် အကြို/အပို့ ကားများ စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



**ရန်ကုန်မြို့ ရန်ကင်းမြို့နယ် Golden City အိမ်ရာနေ မစ္စတာချိန်ရှောင်တုန်- မစ္စလီကျိုးဂျူနှင့် မစ္စမော်ဖိန်(ဒေါ်ကြည်လင်း)မိသားစုတို့က ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ဘိုးဘွားများစောင့်ရှောက်ရေးဂေဟာမှ ဘိုးဘွားများအတွက် အလှူငွေကျပ်တစ်သိန်းနှင့် စားသုံးဆီ၊ စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများကို ဝါကျွတ်အလှူအဖြစ် အောက်တိုဘာ ၁၇ ရက်(သီတင်းကျွတ်လပြည့်နေ့) နံနက်က သွားရောက်လှူဒါန်းစဉ်။**

နိုင်ဌေးအောင်

# သန်လျင်မြို့နယ်၌ သီတင်းကျွတ်ကာလ စတုဒိသာကျွေးမွေးလှူဒါန်းမှုများဖြင့် စည်ကား

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်တွင် သီတင်းကျွတ် အစိုးရရုံးပိတ်ရက် ဝါကျွတ်ကာလ အဖိတ်နေ့နှင့် သီတင်းကျွတ်လပြည့်တို့တွင် ရပ်ကွက်နှင့် ကျေးရွာတို့၌ အောက်တိုဘာ ၁၆ ရက် နံနက် ၁၀ နာရီမှစတင်ကာ စတုဒိသာကျွေးမွေးလှူဒါန်းမှုများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။



စတုဒိသာလှူဒါန်းမှုတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နေ ဦးဌေးမိုး(ရွှေနဂါးဆီဆိုင်)မိသားစုမှ သန်လျင်မြို့ ဘုရားကုန်းကျေးရွာ ကွမ်းခြံကုန်း ကျိုက်အင်းအပါအဝင် နေရာခုနစ်နေရာနှင့် အမှုထမ်းရပ်ကွက် အုတ်ဖိုစုရပ်ကွက်နှင့် ဗိုလ်ချုပ်ကျေးရွာ နှစ်နေရာအပါအဝင် စုစုပေါင်း ၁၁ နေရာတို့၌ တစ်နေရာလျှင် လူဦးရေ ၇၀၀ ကျော်အား ငါးခြောက်၊ ပဲကုလားဟင်းနှင့် ငါးနီတူကြော်၊ ထမင်းတို့ဖြင့် ဝါကျွတ်ကာလ အာဟာရဒါန စတုဒိသာကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

သန်လျင်မြို့နယ်တွင် သီတင်းကျွတ်ကာလ ဘုရားဖူးပြည်သူများ၊ အလှူဒါန ကျွေးမွေးလှူဒါန်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

# ဂါဇာကမ်းမြောင်ဒေသသို့ တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေသည့် အစ္စရေး

နွယ်နီလင်း


ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် အပျက်အစီးများကို တွေ့ရစဉ်။

ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်း ဂျာဘာလီယာ၌ ယာယီစခန်းတစ်ခုရှိ ရွှေ့ပြောင်းနေထိုင်သူများ နေထိုင်သည့် စာသင်ကျောင်းတစ်ခုသို့ အစ္စရေးတို့၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၂၈ ဦးထက်မနည်း ထပ်မံသေဆုံးပြီး အခြားလူ ၁၆၀ ဒဏ်ရာရရှိသည်ဟု ဟားမားစ်ပိုင် ဂါဇာအစိုးရမီဒီယာရုံးက အောက်တိုဘာ ၁၇ ရက်တွင် ပြောသည်။

အဆိုပါ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ကျောင်းဝင်းအတွင်းရှိ နေရပ်စွန့်ခွာ ပြေးသူများနေထိုင်သည့် ရွက်ဖျင်တဲများ မီးလောင်မှုဖြစ်ပွားခဲ့သည်။ ထို့နောက် သေဆုံးသူများကို ဂါဇာမြောက်ပိုင်း ဆေးရုံတစ်ခုသို့ ပို့ဆောင်ပေးခဲ့သည်။ အစ္စရေးတို့၏ ဗုံးကြဲမှုအတွင်း ကယ်ဆယ်ရေးအဖွဲ့များမှာ အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိလာခြင်း မရှိသေးကြောင်း ပါလက်စတိုင်း တရားဝင်သတင်းအေဂျင်စီဖြစ်သည့် ဝါဖာက ဖော်ပြထားသည်။

**ပစ်မှတ်ကိုတိကျစွာ တိုက်ခိုက်နိုင်**

အစ္စရေးကာကွယ်ရေးတပ်ဖွဲ့(အိုင်ဒီအက်ဖ်)ကလည်း ၎င်းတို့လေတပ်သည် ဂါဇာမြောက်ပိုင်းရှိ ဟားမားစ်နှင့် အစ္စလာမ္မစ်ဂျီဟတ် စစ်သွေးကြွများအား ပစ်မှတ်ကို တိကျစွာတိုက်ခိုက်နိုင်ခဲ့သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ စစ်သွေးကြွများသည် မကြာသေးမီရက်များအတွင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့နှင့် အစ္စရေးတို့ကို ဆန့်ကျင်တိုက်ခိုက်မှုများ လုပ်ဆောင်ပြီး အစ္စရေးပိုင်နက်အတွင်းသို့ ဒုံးကျည်တိုက်ခိုက်မှုများလည်း လုပ်ဆောင်ခဲ့သည်ဟု အစ္စရေးဘက်က ဆိုသည်။

**အစ္စရေးဓားစာခံများရှိသည့် အရပ်အယောင်ကို မတွေ့ရှိရ**

ဂါဇာကမ်းမြောင်ဒေသ၌ ၎င်းတို့၏ တိုက်ခိုက်မှုအတွင်း စစ်သွေးကြွသုံးဦး အနက် တစ်ဦးမှာ ဟားမားစ်ခေါင်းဆောင် ယာယာဆင်ဝါး ဟုတ် မဟုတ်ကို စုံစမ်းစစ်ဆေးနေသည်ဟု အစ္စရေးကာကွယ်ရေးတပ်ဖွဲ့(အိုင်ဒီအက်ဖ်)နှင့် အစ္စရေးလုံခြုံရေးအေဂျင်စီ(အိုင်အက်စ်အေ)တို့က ပူးတွဲကြေညာချက်တွင် ပြောကြားသည်။ အစ္စရေးတပ်မတော်၏ တိုက်ခိုက်မှုအတွင်း ဆင်ဝါးမှာ သေဆုံးသွားပြီဟု အစ္စရေးအာဏာပိုင်တစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး အစ္စရေးနိုင်ငံပိုင် ဖြစ်သည့် ကန်တီဗွီသတင်းက ဖော်ပြသည်။ ၎င်းတို့တိုက်ခိုက်ခဲ့သည့် ဒေသရှိ အဆောက်အအုံအတွင်း အစ္စရေး ဓားစာခံများရှိသည့် အရပ်အယောင်ကို မတွေ့ရှိရကြောင်း အစ္စရေးအဖွဲ့က ဆက်ပြောသည်။

အစ္စရေးဘက်က ယာယီဒုက္ခသည်စခန်းကို ရှင်းလင်းရန် ဖောက်ခွဲရေး ပစ္စည်းများအပါအဝင် နည်းလမ်းအလုံးစုံကို အသုံးပြုပြီး ဂျာဘာလီယာစခန်းကို စနစ်တကျ ဖျက်ဆီးခဲ့သည်ဟု ဂါဇာရှိ အရပ်ဘက်ကာကွယ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မာမောက်ဘာတ်ဆယ်က အောက်တိုဘာ ၁၇ ရက်က ဆိုသည်။

**အပျက်အစီးများအောက်တွင် သေဆုံးသူများ၏ ရုပ်အလောင်းများရှိနေသေး**

ထို့အပြင် အစ္စရေးတပ်မတော်သည် လူနာတင်ယာဉ်များ အဆိုပါဒေသသို့ သွားရောက်ရန်နှင့် သေဆုံးသူများ၏ ရုပ်အလောင်းများကို သယ်ယူရန် ခွင့်မပြုသည့်အတွက် အပျက်အစီးများ အောက်တွင် သေဆုံးသူများ၏ ရုပ်အလောင်းများ ရှိနေသေးကြောင်း ၎င်းကဆိုသည်။

ဆက်လက်ပြီး ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်း၌ အစ္စရေးတို့၏ တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေချိန်တွင် ဆေးရုံ၌ လောင်စာဆီ အကျပ်အတည်း၊ ဆေးဝါးများနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများ ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသဖြင့် ကန်မယ်အက်ဒ်ဝမ်ဆေးရုံ၌ မွေးကင်းစ ကလေးငယ်များမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘေးဒုက္ခနှင့် ရင်ဆိုင်နေရသည်ဟု ဂါဇာအခြေစိုက် ကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

အောက်တိုဘာ ၁၇ ရက်တွင် ဂါဇာမြောက်ပိုင်းရှိ နေအိမ်တစ်လုံးနှင့် တွေ့ဆုံပွဲတစ်ခု၌ အစ္စရေး၏ သီးခြားတိုက်ခိုက်မှုနှစ်ခုကြောင့် သေဆုံးသူ ငါးဦး၏ ရုပ်အလောင်းများကို တွေ့ရှိခဲ့သည်ဟု ပါလက်စတိုင်းဆေးမှူးတစ်ဦးက ဆိုသည်။

ဆက်လက်၍ ဆီးရီးယားကမ်းရိုးတန်းမြို့ဖြစ်သည့် လာတက်ကီယာသို့ အောက်တိုဘာ ၁၇ ရက် အရုဏ်မတက်မီတွင် အစ္စရေးကလေကြောင်း တိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းကြောင့် မီးလောင်ခဲ့ရာ မီးသတ်သမားများမှာ အခင်းဖြစ်ပွားရာနေရာသို့ အလျင်အမြန် သွားရောက်မီးငြိမ်းသတ်ခဲ့ရသည်။


ဆီးရီးယားနိုင်ငံ လာတက်ကီယာကမ်းရိုးတန်းမြို့သို့ အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် မီးလောင်နေသည်ကို တွေ့ရစဉ်။

> “ ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်း၌ အစ္စရေးတို့၏ တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေချိန်တွင် ဆေးရုံ၌ လောင်စာဆီ အကျပ်အတည်း၊ ဆေးဝါးများနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများ ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသဖြင့် ကန်မယ်အက်ဒ်ဝမ်ဆေးရုံ၌ မွေးကင်းစကလေးငယ်များမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘေးဒုက္ခနှင့် ရင်ဆိုင်နေရ ”

ယင်းတိုက်ခိုက်မှုကြောင့် မြို့အဝင် အနီးနေရာ၌ ထိခိုက်ပျက်စီးခဲ့သည်ဟု နိုင်ငံပိုင် ဆီးရီးယားရုပ်မြင်သံကြားတွင် ထုတ်လွှင့်သည်။ ယင်းမှာ လာတက်ကီယာမြို့ရှိ လက်နက်သိုလှောင်ရုံကို တိုက်ခိုက်ခဲ့သော်လည်း အသေးစိတ် အချက်အလက်များ မသိရှိရသေးဟု ဆီးရီးယားလူ့အခွင့်အရေးဆိုင်ရာ စောင့်ကြည့်လေ့လာရေးအဖွဲ့က ဆိုသည်။

ဆီးရီးယားနိုင်ငံ မြေထဲပင်လယ် ကမ်းရိုးတန်း၏ အဓိကမြို့ဖြစ်သော လာတက်ကီယာသည် အရေးကြီးသည့် စီးပွားရေးအချက်အချာမြို့ ဖြစ်သည်။ မကြာသေးမီက ဆီးရီးယားနိုင်ငံအပေါ် အစ္စရေးတပ်မတော်၏ တိုက်ခိုက်မှုများ တိုးမြင့်လာခဲ့သည်။

**ဟစ်ဇ်ဘိုလာတပ်ရင်းမှူး သေဆုံး**

အလားတူ လက်ဘနွန်တောင်ပိုင်းရှိ ဟစ်ဇ်ဘိုလာ တပ်ရင်းမှူး ဟူဆိန် မိုဟာမက် အာဝါဒါ သေဆုံးခဲ့သည်ဟု အောက်တိုဘာ ၁၇ ရက်တွင် အစ္စရေး ကာကွယ်ရေးတပ်ဖွဲ့က ဆိုသည်။ လက်ဘနွန်နိုင်ငံ ဘင့်ဂျဘဲမြို့ ကျေးရွာများအနီးမှ အစ္စရေးပိုင်နက်အတွင်းသို့ ဒုံးကျည်များပစ်လွှတ်ရာတွင် ကြီးကြပ်ကွပ်ကဲသူဖြစ်သည့် အာဝါဒါသည် အစ္စရေးလေကြောင်းနှင့် အမြောက်တပ်များ၏ တိုက်ခိုက်မှုကြောင့် သေဆုံးခြင်းဖြစ်သည်ဟု အိုင်ဒီအက်ဖ်က ဆိုသည်။ ၎င်းသေဆုံးမှုနှင့် ပတ်သက်၍ ဟစ်ဇ်ဘိုလာဘက်က ထုတ်ပြန်ထားခြင်း မရှိသေးပေ။

အောက်တိုဘာ ၁၆ ရက်နံနက်ပိုင်းမှစကာ အစ္စရေးတပ်မတော်သည် ဟစ်ဇ်ဘိုလာ ၄၅ ဦးကျော်ကို ရှင်းလင်းနိုင်ခဲ့ပြီး ယင်းအုပ်စုပိုင်ဆိုင်သည့် လက်နက်သိုလှောင်ရုံ၊ လောင်ချာများနှင့် စစ်ရေးအခြေခံအဆောက်အအုံများအပါအဝင် စစ်ဘက်ဆိုင်ရာ ပစ်မှတ် ၅၀ ကျော်ကို ဖျက်ဆီးနိုင်ခဲ့ကြောင်း အိုင်ဒီအက်ဖ်က ထုတ်ပြန်ထားသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က အစ္စရေးနယ်စပ်တောင်ပိုင်းသို့ ဟားမားစ်တို့က ကျူးကျော်ဝင်ရောက်ခဲ့ရာ အစ္စရေး ၁၂၀၀ သေဆုံးပြီး ဓားစာခံ ၂၅၀ ခေါ်ဆောင်ခြင်းခံခဲ့ရသည်။ အဆိုပါလုပ်ရပ်ကို လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသသို့ ကြီးမားသည့် ထိုးစစ်ဆင်မှုများ လုပ်ဆောင်လျက်ရှိသည်။

အစ္စရေး-ဟားမားစ်ပဋိပက္ခကြောင့် ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်း၌ အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် အောက်တိုဘာ ၁၇ ရက်အထိ ပါလက်စတိုင်းသေဆုံးသူပေါင်း ၄၂၄၃၈ ဦးအထိ ရှိပြီဖြစ်ကြောင်း ဂါဇာအခြေစိုက်ကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

ကိုးကား-ဆင်ဟွာ

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁၅ ရက်တွင် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၈၉၅၂၈) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာရှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၈၇၄၅၁၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၃၉၃၄၆၂၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ထို့ပြင် အောက်တိုဘာ ၁၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၄၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၃၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ ကျိုင်းဖောင်းဂိတ်အနီး၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၉၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မိုင်းမွန်မြို့နှင့် ဟိုပုံးမြို့အကြား ပြည်ထောင်စုလမ်းမကြီးပေါ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက် စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၅၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၁၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၃၉၄၆၂၈) ကို ဖမ်းဆီးရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ ပြည်ပမှ တရားမဝင်တင်သွင်းလာမှုများကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်လာစေကာ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## ပြည်ကြီးတံခွန်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၅ ရက်က ပြည်ကြီးတံခွန်မြို့နယ် (စ) ရပ်ကွက် ၅၆ လမ်းနှင့် ၁၂၆ လမ်းထောင့်တွင် စိုင်းခေးလီ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ပြည်ကြီးတံခွန်မြို့နယ် (ဇ) ရပ်ကွက် ၆၈ A လမ်း ၁၃၂ x ၁၃၃ လမ်းကြားရှိ ၎င်းတည်းခိုနေထိုင်သည့် တည်းခိုခန်း အခန်းအမှတ်(၂၀၁)မှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်းနှင့် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက် ၆၆ လမ်း ၃၇ x ၃၈ လမ်းကြားရှိ စားသောက်ဆိုင်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးသူ စိုင်းသျှုန်ဟန်ခမ်းအား ဆက်လက် ဖမ်းဆီးရမိခဲ့သဖြင့် စိုင်းခေးလီ(၃၁)နှစ်နှင့် စိုင်းသျှုန်ဟန်ခမ်း (၂၃) နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


စိုင်းခေးလီနှင့် စိုင်းသျှုန်ဟန်ခမ်းတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## တာချီလိတ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၆ ရက်က တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု လွယ်စီတုံ(အောက်)ကျေးရွာအနီးတွင် အားမွေ မောင်းနှင်ပြီး အားလူး လိုက်ပါလာသည့် ISUZU အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ဂျောပကျေးရွာရှိ လော်မာ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၆၈၀၀ သိမ်းဆည်းရမိခဲ့သဖြင့် အားမွေ (၂၁)နှစ်၊ အားလူး (၂၁) နှစ်နှင့် လော်မာ(၃၁)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်



အားမွေ၊ အားလူးနှင့် လော်မာတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ဘုတလင်မြို့နယ် စီပါကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်စွပ်စွဲရေးသား လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် စီပါကျေးရွာကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအတွင်းသို့ ဝင်ရောက်လာပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးနေသည်ဟု မဟုတ်မမှန်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ယနေ့နံနက်ပိုင်းက စီပါကျေးရွာအနီး နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ ၎င်းကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သည့်အတွက် နေအိမ်များ မီးလောင်ပျက်စီးခဲ့ရခြင်း ဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ခြင်း မရှိကြောင်း၊ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။




တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ လက်နက်ကြီး ပစ်ခတ်မှုကြောင့် စီပါကျေးရွာရှိ နေအိမ်များ မီးလောင်ပျက်စီးခဲ့ရသည်ကို ဖုံးကွယ်ပြီး နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် မြေပြင်ဖြစ်စဉ်နှင့် လွဲမှားနေသည့် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ချမ်းအေးသာစံမြို့နယ်၌ အိပ်ခန်းအတွင်းမီးပလပ်ခုံတွင် တပ်ဆင်ထားသည့် ဖုန်းအားသွင်းကြိုးမှ ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၌ အောက်တိုဘာ ၁၆ ရက်က အိပ်ခန်းအတွင်း မီးပလပ်ခုံတွင် တပ်ဆင်ထားသည့် ဖုန်းအားသွင်းကြိုးမှ ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီတွင် ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ချမ်းအေးသာစံမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မဟာအောင်မြေခရိုင် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့မှ မီးသတ်ယာဉ် ခုနစ်စီး၊ ရေသယ်ယာဉ် သုံးစီးတို့ဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ မိနစ် ၂၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး ဖြစ်စဉ်အား စိစစ်ခဲ့ရာ အဆိုပါရပ်ကွက်နေ အိသန္တာကျော် (၂၇)နှစ်၏ RCနှစ်ထပ်တိုက်အဆောက်အအုံ ဒုတိယထပ်အိပ်ခန်းအတွင်းရှိ မီးပလပ်ခုံတွင် တပ်ဆင်ထားသည့် ဖုန်းအားသွင်းကြိုးမှ ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးစတင်လောင်ခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် အိပ်ခန်းအတွင်းရှိ မွေ့ရာနှင့် လူအသုံးအဆောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် အိသန္တာကျော်အား ချမ်းအေးသာစံမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော်   အောက်တိုဘာ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း (၁၂) ခုရှိရာ အောက်တိုဘာ ၁၇ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် (၃ ဒသမ ၈၀) ပေ ကန်ရေပြည့်အမှတ်အထက်ကျော်လွန်၍ ရေပိုလွှဲမှရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ (၀ ဒသမ ၀၇)ပေ လျော့နည်းခြင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ်အထက်တွင် HED ရေတံခါး(၁၀) ချပ် ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများကို (၂၄)နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၁၇.၁၀.၂၀၂၄

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

(၆ : ၀၀) နာရီ

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၁၇.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၂၃၆၂၅ | ၆၂၇.၁၉ | ၅၆၅၅၂ | ၁၃၈၄၄ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၈၀ | ၁၀၁၄၈ | - | ၆၂၇.၂၆ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၅၈ | ၆၂၆.၂၅ | ၂၇၄၈၇ | - | ၈.၇၅ | ၉၀၁၃ | - | - | - | ၆၂၆.၂၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၇၅ | ၅၁၈.၈၅ | ၈၈၆၃၁ | ၂၇၁ | ၁.၁၅ | ၃၁၃၉ | - | - | - | ၅၁၈.၉၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၂၀ | ၁၀၂၉၇ | ၇ | ၂.၈၀ | ၁၉၆၀ | - | - | - | ၅၀၉.၂၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၉၈ | ၄၃၇.၈၈ | ၆၉၆၄၀ | ၂၈၄ | ၁.၁၂ | ၃၃၆၀ | - | - | - | ၄၃၈.၀၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၂၉ | ၅၃၄.၇၁ | ၇၃၈၃၄ | ၃၂၀ | ၀.၂၉ | ၁၁၆၆ | - | - | - | ၅၃၄.၈၀ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၆.၀၅ | ၇၆၁၇ | ၁၁ | ၁.၉၅ | ၁၁၀၁ | - | - | - | ၄၁၆.၀၉ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၄၈ | ၇၀၃.၅၃ | ၁၀၇၅၈၉ | ၉၅ | ၆.၄၇ | ၃၅၅၀၁ | - | - | - | ၇၀၃.၅၅ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၉၃ | ၆၀၁.၈၉ | ၄၉၄ | ၄၁ | ၀.၁၁ | ၆ | - | - | - | ၆၀၁.၈၉ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၄၅ | ၈၆၃.၆၅ | ၁၀၂၂၇ | ၇၀ | ၆.၃၅ | ၄၃၇၃ | - | - | - | ၈၆၃.၇၀ |
| ၁၂ | တောက်ပြုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၁၀) ချပ်ထောင်ထားပါသည်။

## ဟိုပုံးမြို့နယ်၌ ရေကြီးနစ်မြုပ်ပျက်စီးသွားသော သီးနှံများအစားထိုးစိုက်ပျိုးရန်အတွက် နည်းပညာပေးဆွေးနွေး၍ နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်

**ဟိုပုံး   အောက်တိုဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဟိုပုံးမြို့နယ် နမ့်ခုတ်ကျေးရွာတွင် ရာဂီမုန်တိုင်းဒဏ်ကြောင့် ရေကြီးနစ်မြုပ်ပျက်စီးသွားသော သီးနှံများ ပြန်လည်ကုစားနိုင်ရန် နည်းပညာပေး ဆွေးနွေးခြင်းနှင့် ရေကြီးနစ်မြုပ်ခဲ့သည့် သီးနှံများ အစားထိုး စိုက်ပျိုးနိုင်ရန် နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်းကို အောက်တိုဘာ ၁၄ ရက်က နမ့်ခုတ်ကျေးရွာအုပ်စု နမ့်ခုတ်ကျေးရွာ နည်းပညာပေးစင်တာ၌ ကျင်းပသည်။



